မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၄၈)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံအကြီးအကဲ ရှိတ် ဆာဘားအယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာ အယ်လ်မိုဟာမက် အယ်လ်အာမက် အယ်လ်ဆာဘား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကျင်းပ

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ရုံးညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယကဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၈)ဦးရှိသည့်အနက် (၆၅၄)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၃၉ ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စု

စာမျက်နှာ ၃ ကော်လံ ၁ ❖

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်)

တီဘီရောဂါကင်းစင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ကျန်းမာရေးသည် လူသားအားလုံးအတွက် တန်ဖိုးအထားရဆုံးဖြစ်သကဲ့သို့ နိုင်ငံအတွက်လည်း ပြည်သူများ၏ကျန်းမာကြံ့ခိုင်မှုသည် အရေးပါလျက်ရှိသည်။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိသည်။

ယနေ့အချိန်အခါ၌ အဓိက ရောဂါကြီးခြောက်မျိုးတွင် တစ်ခုအပါအဝင်ဖြစ်သော တီဘီရောဂါသည် ကူးစက်နိုင်သောရောဂါတစ်မျိုးဖြစ်သည်။

တီဘီရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး အမျိုးသား ကျန်းမာရေးစီမံကိန်းတွင် အဓိကဦးစားပေးတိုက်ဖျက်ရမည့် ရောဂါအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

တီဘီရောဂါသည် ကူးစက်ခံရသူ၏ အသက်အပိုင်းအခြား၊ အာဟာရဓာတ်ပြည့်ဝမှု အခြေအနေ၊ အရက်၊ ဆေးလိပ်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရှိ မရှိ၊ အခြားရောဂါခံစားနေရမှုနှင့် လူမှုစီးပွားရေးအခြေအနေများပေါ်တွင် သက်ဆိုင်ဆက်နွှယ်လျက်ရှိသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးများကိုပါ ထိခိုက်နိုင်သဖြင့် ချောင်းနှစ်ပတ်အထက်ဆိုးပါက တီဘီရောဂါ ရှိ မရှိ စစ်ဆေးသင့်သည်။ ရောဂါတွေ့ရှိပါကလည်း အစွမ်းထက်သော တီဘီဆေးများဖြင့် ရောဂါပျောက်သည်အထိ ကျန်းမာရေးဌာနများမှ (အခမဲ့)ကုသပေးလျက်ရှိသည်။

တီဘီရောဂါသည် ကြောက်စရာကောင်းသောရောဂါမဟုတ်သော်လည်း စနစ်တကျဆေးကုသမှု မခံယူလျှင် အသက်ကိုပါ အန္တရာယ်ပေးနိုင်သည်။ ရောဂါဖြစ်လျှင် ဆေးကုသမှုကာလပြီးဆုံးသည် အထိ နေ့စဉ်မှန်မှန် စနစ်တကျဆေးသောက်ပါက ရောဂါပျောက်ကင်းကြောင်း တွေ့ရသည်။ ထို့ကြောင့် တီဘီရောဂါသည်များသည် ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူရန် လိုအပ်သည်။

ယခုအခါ တီဘီရောဂါကုထုံးနည်းသစ်များ ပေါ်ပေါက်နေပြီဖြစ်ရာ ကျန်းမာရေးဌာန၏ ညွှန်ကြားချက်အတိုင်း စနစ်တကျကုသမှုကိုခံယူပါက တီဘီရောဂါပျောက်ကင်းနေပြီဖြစ်သဖြင့် တီဘီရောဂါသည်များ စနစ်တကျဆေးကုသမှုခံယူနိုင်ရန် ပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းနေလင်းသည် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဇော်မင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက ဂျိုင်း-ဇာသပြင်တံတား ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဘားအံတပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံပြီး နယ်မြေခံတပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေပုတ်ရေလှောင်တမံ တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး ရေပုတ်ဆည်/တမံ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တောင်ကလေး အမှတ်(၂)တပ်မတော်ဆေးရုံ၌ လူနာများအား ထောက်ပံ့ငွေများပေးအပ်ပြီး သထုံမြို့နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပဲခူးမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပဲခူးမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲ၊ အသင်းဝင်စာပေဆုရ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုပွဲကို ဧပြီ ၉ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် အသင်းတိုက်တည်ရှိရာ အမှတ် ၁၀/၁၁ ဒုတိယထပ် ကန်တော်ကလေးလမ်း(အောင်ဆန်းကွင်းမြောက်ဘက်ခြမ်း) မင်္ဂလာတောင်ညွန့်မြို့နယ်၌ ကျင်းပမည်ဖြစ်သည်။ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများကို အမှတ်စာရင်းနှင့်တကွ မတ် ၁၉ ရက် နောက်ဆုံးထား၍ အမှုဆောင်များနှင့် အသင်းတိုက်သို့ ဆက်သွယ်လျှောက်ထားနိုင်ပြီး သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲအတွက် လှူဒါန်းလိုသူများသည် အသင်းဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးညွန့်ဇော်(အငြိမ်းစား) ဖုန်း-၀၁-၅၃၆၄၆၄၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဟန်ကြူ ဖုန်း-၀၉-၅၁၂၀၂၃၇၊ ဦးသိမ်းလွင် ဖုန်း-၀၅၂-၂၄၂၂၁၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း- ၀၁-၅၈၀၀၃၂၊ ၀၉-၅၁၄၈၂၀၄၊ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင် ဖုန်း-၀၅၂-၂၂၈၁၂၊ ဘဏ္ဍာရေးမှူး ဦးခင်စိုး ဖုန်း-၀၁-၄၀၀၁၄၂၊ ပဲခူးမြို့နယ်အသင်း ဖုန်း-၀၁-၃၇၈၃၀၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

စိုက်ပျိုးရေး နည်းပညာပေးသင်တန်း ထားဝယ်ခရိုင်၌ ဖွင့်လှစ်

ထားဝယ် ဖေဖော်ဝါရီ ၂၄

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း (ရုံးချုပ်)မှ ဒေါက်တာကြည်မြင့် (ဒုတိယအထွေထွေမန်နေဂျာ - မြေအသုံးချဌာန) ခေါင်းဆောင်၍ ဒေါက်တာကျင်ကျင်ဝင်း(လက်ထောက်မန်နေဂျာ သီးနှံကာကွယ်ရေးဌာန)၊ ဒေါ်ခင်နှင်းသန့်(လက်ထောက်မန်နေဂျာ-မျိုးစေ့ဌာန) တို့ပါဝင်သော နည်းပညာပြန့်ပွားရေး ပညာပေးအဖွဲ့သည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့တွင် ဖေဖော်ဝါရီ ၉ ရက် နံနက်၈ နာရီက ထားဝယ်မြို့ရှိ တိုင်းဒေသကြီး မန်နေဂျာရုံး၌ ထားဝယ်ခရိုင်အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်မှဝန်ထမ်းများအား မြေအသုံးချဘာသာရပ်၊ သီးနှံကာကွယ်ရေး ဘာသာရပ်နှင့် မျိုးစေ့ဆိုင်ရာ ဘာသာရပ်များကို သင်တန်းပို့ချခဲ့သည်။ (အောက်ပုံ)

ပြန်လည်ရှင်းလင်း

ထို့နောက် ခရိုင်မန်နေဂျာ၊ မြို့နယ်မန်နေဂျာများနှင့် သင်တန်းသားများ၏ မေးမြန်းမှုများအပေါ် ပညာပေးအဖွဲ့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ဝါးခယ်မမြို့နယ် ဆန်ထန်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၉ ရက်က မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်း အင်ဂျင်နီယာ-၂(မြို့ပြ) ဦးကျော်မင်းသန့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ဖွင့်ပွဲ ဆားလင်းကြီးမြို့၌ကျင်းပ

ဆားလင်းကြီး ဖေဖော်ဝါရီ ၂၄

မုံရွာခရိုင် ဆားလင်းကြီးမြို့နယ် ထနီးပုကျေးရွာ လူထုအလင်းပြ စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်က အမှာစကားပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် စာကြည့်တိုက် အဆောက်အအုံကို မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းကြည်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးစိုးနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မင်းဟန်က ငွေကျပ် ၅၀၀၀၀၊ လွိုင်ကော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နု-ဒေါ်သီတာကျော်တို့က တီဗွီတစ်လုံး၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာသန်းစိုးဦးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က သုတရသ စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ ရပ်ကွက်အဖွဲ့ဝင် ဦးစိုးနိုင်နှင့် စာကြည့်တိုက်မှူး ဦးခင်မောင်အေးတို့က လက်ခံယူသည်။

စာကြည့်တိုက်အဆောက်အအုံမှာ အလျား ၂၄ ပေ၊ အနံ ၁၆ ပေ၊ အမြင့် ၁၂ ပေ၊ သွပ်မိုး၊ အုတ်ကာနှင့် သမံတလင်းခင်းဖြစ်ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျေးရွာချင်းဆက်လမ်းခင်း

ကနီ ဖေဖော်ဝါရီ ၂၄

ကနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ကျေးရွာချင်းဆက်လမ်း ကနဲ-မိုးကောင်း-ဝင်းမနားလမ်းကျောက်ချော ဂျင်းမြေခင်းခြင်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင့်လွင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ဆိုင်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

❖ *ရှေ့ဖုံးမှ*

တရားသူကြီးချုပ်အဖြစ် ရွေးချယ်ခံထားရသူနှင့်ညှိနှိုင်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းတင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

အမည်စာရင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆ တို့နှင့်အညီ တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

ယနေ့တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များမှာ ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာဒေါ်မြင့်ကြည်၊ ဦးသာဦး၊ ဦးဝင်းကြည်နှင့် ဦးညွန့်တင်တို့ဖြစ်ကြသည်။

အမည်စာရင်းပေးပို့နိုင်

နိုင်ငံတော်သမ္မတ အဖြစ် ရွေးချယ် တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာ ပါတီအလိုက်ဆက်သွယ်ရန်တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက်တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ(ခ)အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (ခ)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ညနေပိုင်း၌ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ၁၂ ရက်မြောက်နေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ၁၃ ရက်မြောက်နေ့ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးသို့ တက်ရောက်လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ကူဝိတ်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ရှိတ် ဒေါက်တာ မိုဟာမက် အယ်လ်ဆာဘား အယ်လ်ဆလမ် အယ်လ်ဆာဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

မီးသတ်ရေကန်ဆောက်လုပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အရှည်ပေ ၁၆၀၀ ရှိ ရိစာကျောက်ခင်းလမ်း ဖောက်လုပ်ခြင်းနှင့် ရေဂါလန် ၁၂၀၀၀ ဆံ့ မီးသတ်ရေကန်ဆောက်လုပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက လယ်ဝေးမြို့ အမှတ်(၁)ရပ်ကွက်ရှိ စံဖွံ့ဖြိုးကုမ္ပဏီရုံးသစ်အချောထည် စက်ရုံတွင် ပြုလုပ်သည်။

ကျေးဇူးတင်ဂုဏ်ပြု

ရှေးဦးစွာ စံဖွံ့ဖြိုးကုမ္ပဏီ ဒါရိုက်တာ ဦးဝင်းအောင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းငွေတို့က ကျေးဇူးတင်ဂုဏ်ပြုစကား ပြောကြားကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့နှင့် နွမ်းပါးသော မိခင်များ စောင့်ရှောက်ရေးအဖွဲ့သို့ အလှူငွေ ကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အောက်ပိုင်းဒေသများ ညအပူချိန်တိုးလာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ကယားပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၅ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

နယူးဇီလန်ငလျင် သေဆုံးသူ ၉၈ ဦးအထိရှိလာ ပျောက်ဆုံးနေသူ ၂၂၆ ဦးရှိ

ခရစ်ချတ်ချ် ဖေဖော်ဝါရီ ၂၄

နယူးဇီလန်နိုင်ငံ ခရစ်ချတ်ချ်မြို့တွင် ဖေဖော်ဝါရီ ၂၂ ရက်က အင်အား ပြင်းထန်သော ငလျင်လှုပ်မှုကြောင့် ဖေဖော်ဝါရီ ၂၄ရက်နေ့အထိ သေဆုံးသူ ၉၈ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း နယူးဇီလန် ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်၌ အတည်ပြုပြောကြား သည်။

သေဆုံး

ယင်းငလျင်လှုပ်မှုကြောင့် သေဆုံးသူဦးရေ ၂၀၀ ကျော်လိမ့်မည်ဖြစ်ကြောင်း နယူးဇီလန်ဝန်ကြီးချုပ် ဂွန်ကေး က ပြောကြားသည်။

ပျောက်ဆုံး

ထိုအတောအတွင်း ငလျင်လှုပ်မှုကြောင့် ပျောက်ဆုံး နေသူ ၂၂၆ဦး ရှိကြောင်း၊ ဆက်လက်ရှာဖွေနေဆဲ ဖြစ်ကြောင်း၊ သေဆုံးသူများတွင် ပင်လယ်ရပ်ခြား တိုင်း တစ်ပါးသားများလည်း ပါဝင်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဒစ္စကာဗာရီ လွန်းပြန်ယာဉ် လွှတ်တင်

အမေရိကန် ဒစ္စကာဗာရီ အာကာသလွန်းပြန်ယာဉ်ကို ကနေဒီအာကာသ လွှတ်တင်ရေးစခန်းမှ ဖေဖော်ဝါရီ ၂၄ ရက်က လွှတ်တင်ခဲ့စဉ်။ (၎င်း လွန်းပြန်ယာဉ်သည် နာဆာ၏ လွန်းပြန်ယာဉ်သုံးစင်းအနက် ရှေးအကျဆုံး လွန်းပြန်ယာဉ် ဖြစ်ပြီး အာကာသယာဉ်မှူး ခြောက်ဦး လိုက်ပါသွားသည်။ ၎င်းတို့နှင့်အတူ လူသားစက်ရုပ် တစ်ရုပ်ကိုလည်း သယ်ဆောင်သွားခဲ့သည်။ လွန်းပြန်ယာဉ် ကို ဒေသစံတော်ချိန် ၂ နာရီ မိနစ် ၅၀ တွင်လွှတ်တင်ပေး ခဲ့ခြင်းဖြစ်သည်။)

(အင်တာနက်ဓာတ်ပုံ)

ဇီးကွက်များ အညိုရောင်ပြောင်းလျှင် ရာသီဥတု ပိုမိုပူနွေးစေနိုင်ဟုဆို

ဟယ်လ်ဆင်ကီ ဖေဖော်ဝါရီ ၂၄

ဇီးကွက်များ အညိုရောင်ပြောင်းလျှင် ရာသီဥတု ပို၍ပူနွေးစေနိုင်ကြောင်း ဖင်လန်သိပ္ပံပညာရှင်များက ပြောကြားသည်။

ဖုံးအုပ်ထား

ယင်းတွေ့ရှိချက်ကို ဖေဖော်ဝါရီ ၂၂ ရက်က အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။ ဇီးကွက်များ ၏အရောင်သည် မျိုးရိုးအားဖြင့် အညိုရောင်ပေါ်တွင် မီးခိုးရောင်များ ဖုံးအုပ်ထားသည်။

ဖင်လန်နိုင်ငံတွင် မီးခိုးရောင်ဇီးကွက်များ နည်း လာပြီး အညိုရောင် ဇီးကွက်များ ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ဖင်လန်သုတေသီများက ၎င်းအချက်အပေါ် မူတည်၍ ရာသီဥတုပြောင်းလဲမှုနှင့်ဆက်စပ် လေ့လာခဲ့ကြ သည်။

ဟယ်လ်ဆင်ကီတက္ကသိုလ်မှ ဒေါက်တာပက်ထရစ် ကာရဲလ်ဦးဆောင်သော သုတေသနအဖွဲ့သည် ဖင်လန် နိုင်ငံတစ်ဝန်း လွန်ခဲ့သည့် နှစ် ၃၀ မှ စတင်၍ ဇီးကွက်များ မီးခိုးရောင်မှ အညိုရောင်သို့ ပြောင်းလာမှုအပေါ် လေ့လာ ခဲ့ကြသည်။ (အောက်ပုံ)

ကောက်ချက်ချ

ဆောင်းရာသီရောက်တိုင်း ဖင်လန်နိုင်ငံတစ်ဝန်း ဆီးနှင်းများ ဖုံးလွှမ်းလေ့ရှိသည်။ သို့သော် ဆီးနှင်းများ ဖုံးလွှမ်းမှုလျော့ကျလာသကဲ့သို့ အညိုရောင်ဇီးကွက်များ ကိုလည်း အများအပြားတွေ့ရသည်ဟု ဆိုသည်။ ယင်းမှာ ကမ္ဘာကြီးပူနွေးလာမှုနှင့် ဇီးကွက်များအချို့တွင် အရောင် ပြောင်းလာ မှုတို့ ဆက်စပ်နေကြောင်း သုတေသီများက ကောက်ချက် ချထားသည်။ *(အင်တာနက်)*

ဆိုမာလီဒုက္ခသည်များ ယီမင်ကမ်းလွန်၌ လှေမှောက်သေဆုံး

ဘီယာအလီ ဖေဖော်ဝါရီ ၂၄

ယီမင်နိုင်ငံတောင်ပိုင်း ဘီယာအလီကမ်းလွန် အေဒင်ပင်လယ်ကွေ့တွင် ဖေဖော်ဝါရီ ၂၄ ရက်က ယီမင်နိုင်ငံအတွင်း ခိုလှုံရန်ဝင်လာသူ ဆိုမာလီ နိုင်ငံသား ၅၇ ဦးတို့သည် မိုးသက်မုန်တိုင်း ကျရောက်စဉ် စက်လှေမှောက်ပြီး ၅၄ ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြား သည်။(ဝဲပုံ)

သေဆုံးသူ ၅၄ ဦးမှာ ဆိုမာလီဒုက္ခသည်များဖြစ်ကြပြီး ကျန်သုံးဦးမှာ မှောင်ခိုသမား များဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဖေဖော်ဝါရီ ၂၄ ရက် တွင် အတည်ပြုပြောကြားသည်။

ဖြစ်ပွား

ဆိုမာလီများလိုက်ပါလာသည့် အဆိုပါစက်လှေသည် အေဒင်ပင်လယ်ကွေ့ ဘီယာအလီ ဆိပ်ကမ်းသို့ မရောက်မီ ရေမိုင် ၄၀၀အကွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယီမင်တာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

အာဖဂန်တောင်ပိုင်း၌ ကားဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၂၄ ဦး ဒဏ်ရာရရှိ

ကန်ဒါဟာ ဖေဖော်ဝါရီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာ ပြည်နယ်၌ ဖေဖော်ဝါရီ ၂၄ ရက်က ကားဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ အနည်းဆုံး လူ ၂၄ ဦး ထိခိုက် ဒဏ်ရာ ရရှိသွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာရ

ယင်းကားဗုံးခွဲတိုက်ခိုက်မှုသည် ပါကစ္စတန် နယ်စပ် စပင်ဘိုးလ်ဒတ်မြို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရသူများတွင် အရပ်သား ၁၆ဦး ပါဝင်သည်။

ခံတပ်မြို့

အဆိုပါမြို့သည် ကန်ဒါဟာပြည်နယ်၏ မြို့တော် မှ မိုင် ၇၀ အကွာတွင် တည်ရှိသည်။ တာလီဘန် တို့၏ ခံတပ်မြို့လည်း ဖြစ်သည်ဟုဆိုသည်။

တိုက်ခိုက်ခဲ့

လွန်ခဲ့သော သီတင်းပတ်များက မြို့တော် ကဘူးလ် အပါအဝင် အာဖဂန်မြို့ကြီးများ၌ အသေခံဗုံးခွဲ တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။ ယခု တိုက်ခိုက်မှုမှာ ပြည်နယ်ရဲအရာရှိ၏ ကားကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြား သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရုရှား၌ မျိုးဆက်သစ်တိုက်လေယာဉ် စမ်းသပ်ပျံသန်း

မော်စကို ဖေဖော်ဝါရီ ၂၄

ရုရှားနိုင်ငံ၏ မျိုးဆက်သစ် ဂျက်တိုက်လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၄ ရက်က ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာ စမ်းသပ်ပျံ သန်းနိုင်ခဲ့ကြောင်း၊ ၎င်းစမ်းသပ်ပျံသန်းမှုကို ရုရှားနိုင်ငံအရှေ့ဖျားဒေသ ကွမ်ဆိုမော့ခ်အွန်အမ်ယူရာအရပ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။ (ဝဲပုံ)

၎င်းဂျက်တိုက်လေယာဉ်ကို ရုရှားနိုင်ငံမှ ဆူခွိုင်းလေယာဉ်ကုမ္ပဏီနှင့် အမ်အိုင်ဂျီလေယာဉ်ပုံစံထုတ် ယူရီတို့က ပူးတွဲထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ဂျက်တိုက်လေယာဉ်ပုံစံနှစ်မျိုးတည်းသာ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်ဟု လေယာဉ်ပုံစံထုတ်လုပ်မှုအကြီးအကဲ မီလ်ခေးလ်ဖိုက်ယန်က ပြောကြားသည်။

၂၀၁၁ခုနှစ်အတွင်း မျိုးဆက်သစ် တိုက်လေယာဉ်များ ပိုမိုစမ်းသပ် ပျံသန်းနိုင်ရန် အသင့်ရှိနေပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဇန်နဝါရီ ကတည်းက မျိုးဆက်သစ်ဂျက်တိုက်လေယာဉ်အစင်း ၄၀ ကို ထုတ်လုပ်ထားပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘောဒီးယား၌ H5 N1 ရောဂါဖြင့် နှစ်ဦးသေဆုံး

ဖနောင်ပင် ဖေဖော်ဝါရီ ၂၄

ကမ္ဘောဒီးယားနိုင်ငံတွင် H5 N1 ရောဂါဖြင့် ဖေဖော်ဝါရီ ၂၄ ရက်က အမျိုးသမီးတစ်ဦးနှင့် ၎င်း၏သားဖြစ်သူတစ်ဦးသေဆုံးခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံ၌ H5 N1 ရောဂါဖြင့်သေဆုံးသူ စုစုပေါင်း ၁၁ ဦးရှိလာပြီဖြစ်ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သေဆုံးသူအမျိုးသမီးမှာ အသက် ၁၉ နှစ်အရွယ်ဖြစ်ပြီး သားငယ်မှာ ၁၁ လအရွယ်သာ ရှိသေးကြောင်း၊ ၎င်းတို့မှာ ဘန်တေမီအင်ချီပြည်နယ်မှ ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံနှင့် နယ်စပ် ဖြစ်သော ပရီဗန်ပြည်နယ်သို့ အလည်အပတ်သွားခဲ့ပြီးနောက် H5 N1 ရောဂါဖြင့် သေဆုံးခဲ့ခြင်း ဖြစ်ကြောင်း သတင်း၌ ပါရှိသည်။ ဖနောင်ပင်မြို့တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၄ ရက်ကလည်း အသက်ငါးနှစ်အရွယ် မိန်းကလေးတစ်ဦး H5 N1 ရောဂါဖြင့် သေဆုံးခဲ့ရကြောင်း၊ ကျန်းမာရေး သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

လူနာများအား ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် ဖေဖော်ဝါရီ ၁၇ ရက်က တိုင်းစစ်ဌာနချုပ် သရက်ခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျိုင်းတုံမြို့ နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျင်းပသည့် လူနာများအား ထောက်ပံ့ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများအား ထောက်ပံ့ငွေများ လွှဲပြောင်းပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ကျင်းပသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားသို့တက်ရောက်၍ ဆုရရှိသောအသင်းများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးနှင့်ဆေးပစ္စည်းကုန်သည်အသင်းကိုယ်စားလှယ်အဖွဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

Bangladesh Association of Pharmaceutical Industries (BAPI)၏ဖိတ်ကြားချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ Dhaka မြို့၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ရက်အထိ ကျင်းပမည့် ASIA Pharma Expo-2011 သို့ တက်ရောက်ရန် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူ ဦးဆောင်၍ ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်အေး၊ အသင်းဝင်များဖြစ်ကြသည့် ဦးမင်းဟန်၊ဦးစိုင်းဆိုင်လင်း၊ ဒေါက်တာတင့်ဝေမြတ်၊ဦးကျော်ကျော်လတ်၊ဦးဇော်လင်းစိုး၊ဦးမြင့်ဦး၊ဦးစံရွှေမောင်၊ ဒေါက်တာခင်စန်းအေးနှင့် ဒေါက်တာမူမူဝင်းတို့သည်ဖေဖော်ဝါရီ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ အသင်းဒုတိယဥက္ကဋ္ဌဦးသန့်ဇင်၊တွဲဖက်အတွင်းရေးမှူး ဒေါက်တာသင်းနွယ်ဝင်း၊ ဗဟိုအလုပ်အမှုဆောင် ဦးစိုးမြင့်၊ အလုပ်အမှုဆောင် ဦးကျော်သိန်း၏နှင့် ဦးအေးမြင့်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ခရီးစဉ်အတွင်း ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆေးဝါးစက်ရုံများလေ့လာခြင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဆေးဝါးထုတ်လုပ်သူ ကုန်သည်များနှင့် Business Meeting များပြုလုပ်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မင်းဘူး၌ ကုလားပဲစံကွက်ရိတ်သိမ်း

မင်းဘူး ဖေဖော်ဝါရီ ၂၄

မင်းဘူး (စကု) မြို့နယ်အတွင်း ဆောင်းသီးနှံရာသီ၊ ကုလားပဲသီးနှံစိုက်ခင်းတွင် ပန်းဖြိုင်ဖြိုင်ပွင့်ချိန်၌ ဘိုရွန်-လက်ချားအသုံးပြုခြင်း နည်းပညာဆောင်ရွက်ခြင်းဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ကြောင်းလက်တွေ့ စံကွက်ရိတ်သိမ်းပြသခြင်း သရုပ်ပြပွဲကို ဥယျာဉ်ဇင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၁၉၂)ရှိတောင်သူဦးလွင်ဦး၏ ကုလားပဲစံပြဧက ၆ ဒသမ ၆၇ ဧက၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသည်။ **(ယာပုံ)**

စံကွက်ရိတ်

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းနိုင်၊ အတွင်းရေးမှူး ဦးမြင့်ဇော်ထွန်းနှင့် စိုက်/ညှိအဖွဲ့ဝင်များ၊ တောင်သူများ တက်ရောက်ကြပြီး မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ(စိုက်/ညှိအဖွဲ့ခေါင်းဆောင်) ဦးထွန်းမြင့်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးကျော်သိန်းတို့က စံကွက်ရိတ်သိမ်းမှုများ ရှင်းလင်းပြသသည်။ စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကပျမ်းမျှ ၃၃ ဒသမ ၂၀ တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း တာချီလိတ်မြို့နယ်၌ဖွင့်

တာချီလိတ် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနနှင့်ဝေါလ်ဗွီးရှင်းမြန်မာ (တာချီလိတ်)တို့ ပူးပေါင်းဖွင့်လှစ်သော ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉နာရီက တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စုဝမ်ကောင်းကျေးရွာ၌ ကျင်းပရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးဦးကျော်ဝင်း**(အောက်ပုံ)**နှင့် ဝေါလ်ဗွီးရှင်းမြန်မာ (တာချီလိတ်)မှ ဒေသဖွံ့ဖြိုးရေး အစီအစဉ်မန်နေဂျာ ဦးညွန့်အောင်တို့က အမှာစကားပြောကြားကြသည်။

ဆွေးနွေးလေ့ကျင့်

သင်တန်းသို့ ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီအဖွဲ့ဝင် ၃၆ ဦးတက်ရောက်ခဲ့ကြပြီး ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်း၊ ဦးစီးအရာရှိဒေါ်ရီရီခင်နှင့် မူကြိုကျောင်းအုပ်ဆရာမ ဒေါ်လွင်လွင်နွယ်တို့က ကလေးသူငယ် ရှေးဦးစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာသဘောတရားများ၊ မွေးကင်းစမှ ရှစ်နှစ်အထိ ကလေးများ၊ ပြုစုနည်းအမျိုးမျိုးတို့ကို ဖေဖော်ဝါရီ ၁၈ ရက်အထိ ဆွေးနွေးလေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၂၀ ရက်က ပြင်ဦးလွင်မြို့နယ် သပြေကျေးရွာ ကျောက်ချောလမ်း မွမ်းမံခင်းကျင်းနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးသင်တန်း သပိတ်ကျင်းမြို့နယ်၌ ဖွင့်

သပိတ်ကျင်း ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၉ နာရီက သပိတ်ကျင်းမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ပြင်ဦးလွင်ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမင်းနိုင်က လယ်ယာသန်းခေါင်စာရင်း ကောက်ယူရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်း ၁၀ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲ ဆေးနှင့်ဆေးပစ္စည်းများ ပါဝင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲကို နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၆နာရီအထိကျင်းပသွားမည်ဖြစ်ရာနောက်ဆုံးပေါ် ဆေးဝါးများနှင့် ခေတ်အမီဆုံးနည်းပညာသုံးဆေးပစ္စည်းများကိုမြန်မာနိုင်ငံတွင် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသော Model Pharma ကုမ္ပဏီလည်း ပါဝင်ပြသသွားမည်ဖြစ်သည်။

ပြသမည်

Model Pharma ကုမ္ပဏီပြခန်းတွင် ကိုရီးယားနိုင်ငံမှ ထုတ်လုပ်ပြီး ဥရောပနိုင်ငံများသို့ တင်သွင်းခွင့်ဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်လက်မှတ် CE 0123 ရရှိထားသည့် Gluco Dr သည် သွေးချိုပမာဏ အနိမ့်ဆုံး 20 mg/dl မှ အမြင့်ဆုံး 900 mg/dl ထိ တိုင်းတာစစ်ဆေးနိုင်ခြင်း (မြန်မာနိုင်ငံတွင် Gluco Dr ဆီးချိုတိုင်းစက် တစ်မျိုးတည်းသာ တိုင်းတာနိုင်သည်။) မြန်မာပြည်တွင် ပထမဆုံးသော Gold Electrode Biosensor စနစ်ကိုအသုံးပြုထားခြင်းတို့ကြောင့် ရောဂါရှာဖွေရေးစက်ကြီးများနှင့် မခြားနားသော အဖြေမှန်ကို ငါးစက္ကန့်အတွင်း သိရှိနိုင်ခြင်း၊ စက်တွင်အသုံးပြုရသော သွေးပမာဏမှာ 0.5ul သာလိုအပ်ခြင်းစသော အားသာချက်များရှိသည်။ အဆိုပါ ဆီးချိုတိုင်းစက် (Gluco Dr) ကို ၄င်းပြခန်းတွင် ပြသသွားမည်ဖြစ်သည်။

တင်သွင်း

Model Pharma ကုမ္ပဏီသည် Lorix Cream ကို ကလေးငယ်များအတွက် 15g ဆေးတောင့်နှင့် လူကြီးများအတွက် 30g ဆေးတောင့်ကို တင်သွင်းလျက်ရှိသည်။ ကလေးငယ်များ ကျန်းမာရေးကောင်းမွန်ပြီး ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးကာ ဘေးထွက်ဆိုးကျိုးကင်းစွာ အစာစားချင်စိတ်ကိုဖြစ်ပေါ်စေသော Zinc ပါဝင်သည့် Pep2 ကလေးဆေးကိုလည်း ပြသသွားမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုသူများအနေဖြင့် Model Pharma Co., Ltd. အမှတ် ၁၈-၂၀ နေကြာလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၀၁၆၁၅၊ ၃၉၇၆၈၁ နှင့် e-mail: info@ modelpharma.com တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပန်းအလှပင်များ ပြုစု ဆောင်ရွက်

လှိုင်လင် ဖေဖော်ဝါရီ ၂၄

လှိုင်လင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးထုတ်လုပ်ခြင်း၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်း၊ ပန်းဥယျာဉ်အတွင်း အရွက်လှအပင်များ ပုံဖော်ကိုက်ညှိခြင်းနှင့် အစားထိုးစိုက်ပျိုးပင်များအား အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၄ ရက်က အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်ကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

မြောက်ဦး၊ မင်းပြားနှင့် မြေပုံမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးသိန်းသည် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက မြောက်ဦး-မင်းပြားကားလမ်းတစ်လျှောက် လမ်း၊ တံတားကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ တိုင်းမှူးသည် မြေပုံမြို့နယ်အတွင်း ကမ်းနားလမ်း၊ ဈေးဆိုင်ခန်း အဆောက်အအုံအသစ် တည်ဆောက်နေမှုနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ထားမှု အခြေအနေများကို လည်းကောင်း၊ လမ်းလယ်ကျွန်း မီးတိုင်များ တပ်ဆင်ထားမှုနှင့် ကူးတို့ဇက်ရေယာဉ် တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြေပုံ-အမ်း ကားလမ်းတစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့နယ် ယောမင်းကြီးရပ်ကွက် နဝဒေးလမ်း မြေညီထပ် အမှတ် ၂၄/၁နေ ဒေါက်တာ ဦးစိုးမင်း-ဒေါ်မြမြဆွေ မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်းအတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။

(ကင်ဆာဖောင်ဒေးရှင်း)

ကျေးလက်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ချောက် ဖေဖော်ဝါရီ ၂၄

မြန်မာဘရူဝါရီ လီမိတက်၏ ကရဏာရှေးရှု မြန်မာမှုအစီအစဉ်အရ ချောက်မြို့နယ် မလွှတောင်ကျေးရွာ ရောင်ခြည်ဦး စာကြည့်တိုက်သို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ၁၇ရက်နံနက်၁၀နာရီခွဲက ကျင်းပရာ အလှူရှင်များနှင့်မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးသန့်ရှင်းမောင်နှင့် ဝန်ထမ်းများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးကအမှာစကားပြောကြားပြီး မြန်မာဘရူဝါရီလီမိတက်မှဦးသန်းထွန်းအောင်နှင့်အဖွဲ့က စာအုပ်များပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးအေးဟန်က လက်ခံယူခဲ့သည်။ **(အပေါ်ပုံ)**

လှူဒါန်းသောစာအုပ်များမှာ တန်ဖိုးငွေကျပ်သုံးသိန်းကျော်ရှိ သုတ၊ ရသ စာအုပ်၂၃၀ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပဲခူး၌ ဟောပြော

ပဲခူး ဖေဖော်ဝါရီ ၂၄

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အခြေခံယာဉ်မောင်းသင်တန်း (အချိန်ပိုင်း) အမှတ်စဉ် (၁/၂၀၁၁)၊ iP Star တပ်ဆင်ခြင်းအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၁) သင်တန်းဖွင့်ပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီက ပဲခူးမြို့ အော်တိုအိတ်ချိန်းခန်းမ၌ ကျင်းပရာ တိုင်းမန်နေဂျာဦးစောထူးသာက အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးသောင်းလွင်က ယာဉ်မောင်းသင်တန်းနှင့် ပတ်သက်၍ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်သူ့ရဲတပ်ဖွဲ့မှူးရုံး ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းညွန့်နှင့် ရဲအုပ်ခင်မောင်လွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းဟောပြောခဲ့ကြောင်းသိရှိရသည်။ **(ခရိုင်ပြန်/ဆက်)**

သဘောင်္အရာရှိလက်စွဲစာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

စာရေးဆရာ ပါမောက္ခ ဦးကျော်ညွန့်(ငြိမ်း)၏ သဘောင်္အရာရှိ လက်စွဲစာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ရာ အဆိုပါစာအုပ်သည် ရေကြောင်းဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများဖြင့် နှစ်ပေါင်း (၃၀) နီးပါး ထိတွေ့ကျင်လည်ခဲ့သည့် စာရေးသူ၏အတွေ့အကြုံများအပေါ်အခြေခံကာ သုတေသနပြု ဆန်းစစ်တင်ပြထားသော စာအုပ်ဖြစ်သည်။

နိုင်ငံတကာ ရေပြင်ပိုင်နက်ထဲတွင် ကမ်းမမြင် လမ်းမမြင် ခုတ်မောင်းသွားလာရသူများအနေနှင့် နိုင်ငံတကာက လိုက်နာကျင့်သုံးလျက်ရှိသော ကုန်သွယ်ရေကြောင်းဆိုင်ရာ ဥပဒေများ၊စည်းမျဉ်း စည်းကမ်းများ၊ လုပ်ငန်းဆောင်တာများကို ကျေညက်သိရှိထားသင့်သလို ပင်လယ်ဓားပြများ၏ အန္တရာယ်များကိုလည်း မည်သို့ ရှောင်ကွင်းကျော်လွှားရမည်တို့ကို သိထားပါမှ မိမိတို့ အသက်အန္တရာယ်ကိုပါ ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကုန်သွယ်ရေကြောင်း ကူးသန်းသွားလာမှုနှင့် ဆက်စပ်နေသူများအတွက် လုပ်ငန်းဆောင်တာအဝဝ၌ ချောမွေ့စေရန် ရည်ရွယ်ပြုစုတင်ပြထားသော စာအုပ်ဖြစ်သည်။ ကုန်သဘောင်္၏ ဖွဲ့စည်းပုံများ၊ သဘောင်္ငှားရမ်းခြင်းကိစ္စများ၊ သဘောင်္ကုန်တင်ခြင်းကိစ္စများ၊ ရေကြောင်းအာမခံကိစ္စများ၊ သဘောင်္နှင့် ကုန်စည်များကို ကယ်ဆယ်ခြင်းကိစ္စများ၊ ဆိပ်ကမ်းနှင့်သဘောင်္လုံခြုံရေးကိစ္စများ၊ ရေကြောင်းဆိုင်ရာ အမှုအခင်းကိစ္စများ၊ ပင်လယ်ဓားပြနှိမ်နင်းရေးနှင့် ပင်လယ်ပြင်လုံခြုံရေးကို ကာကွယ်ဖြေရှင်းခြင်းကိစ္စများ အစရှိသည်တို့နှင့် စပ်ဆိုင်သော ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံး လုပ်ဆောင်ဖွယ်များကို စုစည်းဖော်ပြထားပြီး မိမိတို့လုပ်ငန်းတာဝန်များ ထမ်းရွက်ရာတွင် လစ်ဟာမှုမရှိရအောင် ဖြစ်ရပ်အခြေအနေများပါ ဖော်ပြသည့်အပြင် အန္တရာယ်အခက်အခဲများကို မည်သို့မည်ပုံဖြတ်ကျော်ရမည်တို့ကို ဆွေးနွေးသုံးသပ် အကြံပြုတင်ပြထားသည်။

အဆိုပါစာအုပ်ကို Wisdom House စာအုပ်တိုက် အမှတ်၁၀၁ တိုက်(၁၁၉၁-၁၁၉၂) လက်ဝဲမင်းဒင်လမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း -၀၉-၅၀၅၈၅၃၃၊ ၀၁-၅၄၅၀၃၆နှင့် ၀၉-၄၉၂၈၈၉၄၈ တို့မှ ဖြန့်ချိပြီး စာအုပ်တန်ဖိုးမှာ ငွေကျပ် ၄၀၀၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

မုဒုံ ဖေဖော်ဝါရီ ၂၄

မုဒုံမြို့နယ်အတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲ ရုံးဝန်ထမ်းများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၁၆ရက် နံနက် ၉နာရီက မုဒုံမြို့ ရွှေဟသာ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးပါလေးက အမှာစကားပြောကြားပြီး ကော်မရှင် အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသိန်းဇော်ဦးက လုပ်ငန်းသုံးသပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးပို့လာသော ဂုဏ်ပြုမှတ်တမ်းလွှာများကို မြို့နယ်နှင့်ဌာနဆိုင်ရာများ၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများ၊ ကော်မရှင်ရုံး အဖွဲ့များ၊ ရပ်ကွက် ဥက္ကဋ္ဌများအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ကော်မရှင်)**

ကူးစက်ရောဂါဖြစ်ပွားမှု စောင့်ကြည့်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်းလုပ်ငန်း ညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် တစ်နှစ်အောက်ကလေးများ ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်ကျွေးခြင်း၊ ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ကူးစက်ရောဂါများ ဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ရန်ကုန်တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး**(အပေါ်ပုံ)**၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်က တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်နှင့် ရန်ကုန်တိုင်းဒေသကြီးမိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုရှင်းလင်းတင်ပြပြီးအစည်းအဝေး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။ **(ကျန်းမာရေး)**

အလိမ္မာစာကြည့်တိုက်သစ် ဘီးလင်း၌ ပန္နက်တင်

ဘီးလင်း ဖေဖော်ဝါရီ ၂၄

ဘီးလင်းမြို့နယ် သဲဖြူချောင်းကျေးရွာအုပ်စု သပြေနီကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်မည့် စာကြည့်တိုက်ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၃ရက် နံနက်၉နာရီက စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ကျင်းပရာ ရှေးဦးစွာ အလိမ္မာစာကြည့်တိုက်ကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ညွန့်က ပန္နက်တင်ပေးသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ညွန့်၊ စိုက်ပျိုးရေးမန်နေဂျာ ဦးစောခင်ကျော်မြင့်၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဌာနမှူးဦးမြင့်အောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်လေးနွယ်နှင့် သပြေနီကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲ ဆေးရုံလုပ်ငန်းဆိုင်ရာများ ပါဝင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

Jade Crown Organizing Group က ကြီးမှူးပြီး Shine Construction Group ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် Education, Living & Health Care Exhibition ပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နေ့စဉ်နံနက် ၉ နာရီမှ ညနေ၅နာရီအထိ ကျင်းပလျက်ရှိသည်။

ပါဝင်ပြသ

အဆိုပါပြပွဲတွင် စင်ကာပူနိုင်ငံရှိ ကမ္ဘာ့အဆင့်မီ ဆေးရုံတစ်ရုံဖြစ်သော Raffles Hospital လည်း ပါဝင်ပြသမည် ဖြစ်သည်။ Raffles ဆေးရုံကြီးသည် စင်ကာပူနိုင်ငံ၏ အချက်အချာကျသောနေရာတွင်တည်ရှိပြီး JCI ခေါ် အပြည်ပြည်ဆိုင်ရာ ဆေးရုံ စံချိန်စံညွှန်း ရရှိထားသည့်အပြင်ISO လက်မှတ်ပါ ရရှိထားသော စင်ကာပူနိုင်ငံ၏ အထင်ကရ ပုဂ္ဂလိကဆေးရုံတစ်ရုံ ဖြစ်သည်။

ဖြည့်ဆည်းပေး

အထူးကုဌာနပေါင်း ၂၀ကျော်ထားရှိပြီး အပြည်ပြည်ဆိုင်ရာမှ လူနာများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိသည်။

ဗဟုသုတဖြန့်ဝေ

ယခုပြပွဲတွင် Raffles Hospital မှ အသက်အရွယ်အလိုက် ကျန်းမာရေး စစ်ဆေးမှုများကို Discount သတ်မှတ်ပေးခြင်း၊လက်ကမ်းစာစောင်နှင့် မေတ္တာလက်ဆောင်ပစ္စည်းများ ပေးခြင်း၊ စိတ်ဝင်စားဖွယ်ရာ ကျန်းမာရေး ပညာပေးအစီအစဉ်များ ပြသခြင်းဖြင့် ပြပွဲလာသူများအား ကျန်းမာရေး ဗဟုသုတ ဖြန့်ဝေပေးမည်ဖြစ်သည်။

ဆက်သွယ်နိုင်

အဆိုပါ Raffles Hospital သို့ ဆက်သွယ်လိုပါက Raffles Hospital Patient Liaison Office Myanmar- Diamond Aces Services Co., Ltd. ဖုန်း-၀၁-၂၉၉၉၄၄ နှင့်၀၉-၅၁၂၇၆၂၅တို့ထံသို့ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဒုတိယဝန်ကြီး ဦးမြင့်သိန်း မအူပင်-တွံတေးလမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းသည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၇ နာရီခွဲက လမ်းဆောက်လုပ်ရေးအထူးအဖွဲ့(၄)နှင့် မအူပင်ခရိုင်တို့၏ မဲဇလီ-မလက်တိုလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းနှင့် ကတ္တရာခင်းခြင်းလုပ်ငန်းတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မအူပင်-တွံတေးလမ်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၏ လုပ်ငန်းအဖွဲ့များက စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအပိုင်း မြဂိုးစခန်း စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီးက ခတ္တိယ-မြဂိုးအပိုင်း ဖမိုင် ၇ဖာလုံအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးမှ အဖွဲ့သုံးဖွဲ့ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးစိုးတင့်က ဖြည့်စွက်တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးလက်စာကြည့်တိုက်များ ဖွင့်ပွဲ မိုးညှင်း၌ ကျင်းပ

မိုးညှင်း ဖေဖော်ဝါရီ ၂၄

မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်တွင် စာကြည့်တိုက်ဖွင့်ပွဲများကို ကျင်းပရာ မော်ဟန်ကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်အဆောက်အအုံသစ်ကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင်လည်းကောင်း၊ မြိုင်သာယာကျေးရွာ လမင်းအိမ် စာကြည့်တိုက်အဆောက်အအုံသစ်ကို မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း မိုးညှင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်နွယ်နွယ်အေးနှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားများတွင် ခရိုင်ဥက္ကဋ္ဌဦးတင်မောင်စိုးက အမှာစကားပြောကြားပြီး မိုးညှင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသိန်းက ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးကို ဆွေးနွေးဟောပြောသည်။

ပေးအပ်လှူဒါန်း

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲများတွင်ကျေးရွာပြည်သူများက မြိုင်သာယာကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်ပေါင်း ၅၀၀ကျော်နှင့်မော်ဟန်ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေကျပ် ၄၀၃၀၀၀နှင့်စာအုပ်စာစောင်၈၀၀ကျော်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လယ်ဝေး အထက(၂) မြတ်ဆရာပူဇော်မည်

လယ်ဝေး ဖေဖော်ဝါရီ ၂၄

လယ်ဝေး အထက(၂) (ယခင်အလက မြေအိုးကြီး) ၁၉၆၈ခုနှစ်နောက်ပိုင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်း

ကျောင်းသား ကျောင်းသူဟောင်းများသည် ဦးတင်ဖေ ဖုန်း-၀၆၇-၃၀၂၂၅၊ ဦးစိုးထွန်း ဖုန်း-၀၆၇-၃၀၆၇၁၊ ဦးကျော်ဆန်း ဖုန်း-၀၆၇-၃၀၀၅၁၊ ဦးထိန်လင်း ဖုန်း-၀၆၇-၃၀၅၇၇၊ ၀၆၇-၃၀၃၉၂၊ ဦးထွန်းနိုင် ဖုန်း-၀၆၇-၃၀၄၈၀၊ ဒေါ်စည်စည်ထွန်း ဖုန်း-၀၉-၄၉၂၀၉၀၄၁ နှင့် ဒေါက်တာသန်းထွန်း ဖုန်း-၀၂-၈၁၉၂၈၊ ၀၉-၅၁၁၄၅၅၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ဒေးဒရဲမြို့နယ်ရှိ ဒေးဒရဲ-တော်ကမယ် - ကြုံကြပ်လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ရွှေနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇော်လင်းတို့ ဖေဖော်ဝါရီ ၇ ရက်က ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာဦးဖေဝင်းသူ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ စာအုပ်စာစောင်များ လှူဒါန်း

ပျော်ဘွယ် ဖေဖော်ဝါရီ ၂၄

ပျော်ဘွယ်မြို့နယ် ရွှေညောင်ဖူးကျေးရွာအုပ်စု ကျောက်ချပ်ကျေးရွာ ကံသာဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၁ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပသည်။ အခမ်းအနားတွင် ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးဖုန်းနိုင်က စာအုပ်မျိုးစုံ အုပ်ရေ ၃၀ကိုလည်းကောင်း၊ ပျော်ဘွယ်မြို့ ရွှေပြည်ရန်နိုင်ရပ်ကွက်နေ အလှူရှင် ဦးသောင်းထိန်-ဒေါ်စန်းရီ သိဒ္ဓိအောင် ဖယောင်းတိုင်လုပ်ငန်းမိသားစုက ငွေကျပ် ၁၀၆၄၀၀ တန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံ ၃၂၆ အုပ်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ကံသာဦး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကော်မတီဝင် ဦးအုန်းမောင်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တာလေမြို့၌ စာရေးခုံများ ပေးအပ်လှူဒါန်း

တာလေ ဖေဖော်ဝါရီ ၂၄

တာချီလိတ်ခရိုင် တာလေမြို့ အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနအတွက် စာရေးခုံများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အစီအစဉ်အရ မန်နေဂျာဦးညွှန့်အောင်က စာရေးခုံများ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စာရေးခုံ ၁၀၀ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီနီခင်က လက်ခံယူသည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းအကျိုးတော်ဆောင် ဦးစံညွှန့်နှင့် အထက်တန်းပြဆရာဦးကျော်ဆန်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကွန်ပျူတာတင်စားပွဲများ တင်သွင်းဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ကွန်ပျူတာသုံးစွဲသူများအတွက် လှပသေသပ်ပြီး ခိုင်ခံ့သော Chuangxiang တံဆိပ် Computer Tables များကို Micro Computer Co., Ltd. မှ မြန်မာနိုင်ငံတစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိပြီး ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။**(အောက်ပုံ)**

Chuangxiang Computer Table သည် Steel Frame ဖြင့် ပြုလုပ်ထားသောကြောင့် သာမန်ကြိတ်သား (MDF) များထက် ပို၍ကြံ့ခိုင်မှုရှိပြီး ယိုင်နဲ့သွားခြင်း၊ ချိုင့်ဝင်သွားခြင်းမရှိကြောင်း၊ မှန်ပါသော Table များတွင်ပါရှိသော မှန်သည်လည်း Tempered Glass ဖြစ်သောကြောင့် ကာလကြာရှည်စွာ အသုံးပြုနိုင်ပြီး မတော်တဆ ထိခိုက်မှုကြောင့် ဖြစ်ပေါ်လာမည့်ဆိုးကျိုးကို ကာကွယ်ပေးနိုင်ကြောင်း၊ စားပွဲပေါ်တွင်လည်း Mono Laser Printer အရွယ်အစားအထိ တင်ထားနိုင်သော စင်တစ်ခုထပ်မံပါရှိကြောင်း၊ လှပသောအရောင်အသွေးများရှိပြီး ကြိုက်နှစ်သက်ရာ အရောင်များနှင့် ဒီဇိုင်းများကို ရွေးချယ် ဝယ်ယူနိုင်ကြောင်း သိရသည်။

HASEE Authorized Service Centre ကို ဖွင့်လှစ်ပြီး HASEE ပစ္စည်းများ၏ Warranty နှင့် Service များကို စိတ်တိုင်းကျဆောင်ရွက်ပေးနေသည်။ A-DATA ပစ္စည်းများကို One Year Warranty ပေးထားပြီး တစ်နှစ်အတွင်း Factory Fault ကြောင့် ပျက်စီးခဲ့ပါက ထူးခြားသော One-to-One Replacement Warranty ပေးထားသည်။

ဆက်သွယ်မှာယူ သုံးစွဲလိုပါက Micro Computer Co., Ltd. အမှတ် ၁၄၃ မြေညီထပ် ၄၆လမ်း (အပေါ်) ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၄၅၀၃၊ ၂၀၂၄၅၃ နှင့် ၇၂၁၆၆၈၊ e-mail : sales @ micromyanmar. com, micro@micro. com.mm နှင့် Website : www. micromyanmar. com တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်းမြို့နယ် အမှတ်(၄၂) အခြေခံပညာမူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပညာရည်ချွန်ဆုရရှိသော မောင်အောင်သူသိန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေး တောင်ကြီးမြို့၌ ပညာပေးဟောပြော

တောင်ကြီး ဖေဖော်ဝါရီ ၂၄

တောင်ကြီးမြို့နယ်အတွင်းနှင့် မြို့မဈေးကြီးရှိ ကြက်၊ ဘဲအရှင် ရောင်းဝယ်ဖောက်ကားသူများနှင့် ကြက်သား၊ ကြက်ဥလက်လီလက်ကား ရောင်းချသူများအား ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက်၁၀နာရီက တောင်ကြီးမြို့ မြို့မဈေးကြီးရှိ ဈေးကြီးကြပ်မှု ကော်မတီရုံး၌ ကျင်းပရာ အခမ်းအနားသို့ တောင်ကြီးမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းမြင့်၊ တောင်ကြီးခရိုင်နှင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာနေလင်းနှင့် မြို့နယ်ဦးစီးမှူးဒေါက်တာသက်နိုင်မိုး၊ တောင်ကြီးမြို့ စည်ပင်သာယာဈေးကြီး၏ ဈေးတာဝန်ခံ ဦးသန်းထွန်းနှင့် ကျန်းမာရေးမှူး ကြက်၊ ဘဲ လက်လီလက်ကား ရောင်းဝယ်ဖောက်ကားသူ ၃၇ဦး တက်ရောက်ကြသည်။

ရှင်းလင်းဟောပြော

အဆိုပါဟောပြောပွဲတွင် တာဝန်ရှိသူတို့က ကြက်ငှက်တုပ်ကွေး ရောဂါမဖြစ်စေရေးအတွက် ဆောင်ရွက်ရမည့် စည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်များကို ကြက်၊ ဘဲ လက်လီလက်ကား ရောင်းဝယ်သူများအား ရှင်းလင်းဟောပြောခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် တီ/မွေးကု)**

သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းအပ်နှင်းပွဲ ကျင်းပမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၁)အရ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်းခဲ့ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို (၁၃၇၂ ခုနှစ် တပေါင်းလပြည့်နေ့) မတ် ၁၉ ရက် (စနေနေ့) ညနေ ၄ နာရီတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်၍ (၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်) မတ် ၁၅ ရက်ထက်မစော၊ (၁၃၇၂ ခုနှစ် တပေါင်းလဆန်း ၁၂ရက်) ၂၀၁၁ခုနှစ် မတ် ၁၆ ရက်ထက် နောက်မကျစေဘဲ နေပြည်တော်သို့ ကြွရောက်ပါမည့်အကြောင်း ပင့်စာနှင့်ဖိတ်စာများဖြင့် ပင့်လျှောက်ဖိတ်ကြားထားပြီးဖြစ်ကြောင်း၊ ပင့်စာနှင့်ဖိတ်စာများ အချိန်မီ မရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် နေပြည်တော်သို့ ကြွရောက်တော်မူရန် ပင့်လျှောက်ဖိတ်ကြားပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသော Victory Myanmar Group Co., Ltd ၏ အကျိုးတူစီးပွားဖက်ကုန်သည်ကြီးများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ရောင်းအားအမြင့်ဆုံး၊ ဝန်ဆောင်မှုအကောင်းဆုံးဆိုင်များကို ရွေးသားဆုပေးအပ်ခြင်း၊ ထုတ်ကုန်ပစ္စည်းအမယ်သစ်ငါးမျိုး (Mandalay Hi-5) အား မိတ်ဆက်ခြင်းနှင့် ဂုဏ်ပြုညစာစားပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က မန္တလေးမြို့ Mandalay Hill Resort Hotel တွင် ကျင်းပစဉ်။ (သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Engineering Corporation မှ Assistant President Mr. Shou Jinsong သည် ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ပဲခူးတိုင်းဒေသကြီး သာဂရစက်မှုနယ်မြေတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Engine Modification စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် မကွေးတိုင်းဒေသကြီး မကွေးစက်မှုနယ်မြေ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် Gear &Transmission စက်ရုံမှ ထုတ်လုပ်မည့် စက်ပစ္စည်းကိစ္စရပ်များအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟိုတယ်လုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတကာ လေကြောင်းလိုင်းများတွင် Flight Attendant တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများနှင့် နိုင်ငံတကာ Hotel များ၊ သင်္ဘောလိုင်းများတွင် Receptionist တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ Receptionist & Flight Attendant သင်တန်း အပတ်စဉ်အသစ်ကို ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာလေကြောင်းပို့ဆောင်ရေးအဖွဲ့အစည်း အသိအမှတ်ပြုသင်ရိုးညွှန်းတမ်းများ၊ Institute of Hospitality (UK) နှင့် Educational Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များကို နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

နိုင်ငံတကာအဆင့် Hotel, Restaurant နှင့် Hospitality လုပ်ငန်းများတွင် Management Level နှင့် ဝင်ရောက်လုပ်ကိုင်မည့်သူများ၊ ကိုယ်ပိုင်ဟိုတယ်၊ Restaurant နှင့် Coffee Shop များ၌ စီမံအုပ်ချုပ်လိုသူများအတွက် ရည်ရွယ်၍ International Hospitality Management Course သင်တန်းအပတ်စဉ်အသစ်နှင့် IELTS Foundation Course နှင့် Preparation Course အပတ်စဉ်အသစ်ကိုလည်း ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက်(၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်းစမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃နှင့် ၅၂၃၂၀၀ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက်
နောက်ဆုံးပတ်(တနင်္ဂနွေနေ့)
(၂၇-၂-၂၀၁၁)ရက်နေ့
၂၀၁၁ခုနှစ် မတ်လ အတွက်
(၁၃-၃-၂၀၁၁)ရက်နေ့ နှင့် (၂၇-၃-၂၀၁၁)ရက်နေ့

မြန်မာ့အလင်း အနုပညာဆိုင်ရာ သတင်းမှတ်စု အနုပညာဆိုင်ရာ သတင်းမှတ်စု အနုပညာဆိုင်ရာ သတင်းမှတ်စု

ကြည်နူးပျော်ရွှင်ကြရမည့် ကြယ်တွေကတဲ့ည အနုပညာပွဲတော်

သတင်းမှတ်စုနှင့် ဓာတ်ပုံ
ဇင်လင်းထွန်း(စနေဖြူ)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည်ဆိုသော အနုပညာပွဲတော်ကို ဖေဖော်ဝါရီ ၂၆ နှင့် ၂၇ ရက်နေ့များတွင် ညစဉ် ၇နာရီမှ စတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည့်အခါ ထူးဆန်းသည်ဟုထင်မိသည်။

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်သည် ရန်ပုံငွေပွဲများကို မြန်မာ့ရိုးရာ လက်ဝှေ့ပွဲများဖြင့် ပင် အစဉ်တစိုက် ကျင်းပလာခဲ့ပြီး မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကလည်း ရန်ပုံငွေပွဲဟူ၍ မိမိကိုယ်တိုင် ရိုးရာလက်ဝှေ့ပွဲများပင် မကျင်းပဖူးပါလျက် ယခု ထိုအဖွဲ့ချုပ် နှစ်ခုပူးပေါင်း၍ ကျင်းပသည်က အနုပညာပွဲတော်ဖြစ်နေသောကြောင့်ပင်။

ပြန်လည်ဆန်းသစ်

ထိုပွဲတော်အတွက် ဝတ်စုံပြည့် ဇာတ်တိုက်ခြင်းများကို သုဝဏ္ဏအားကစားရုံ၌ ဖေဖော်ဝါရီ ၂၃ ရက်ညက ပြုလုပ်သည့်အခါ သွားရောက်ကြည့်ရှု လေ့လာမိသည်။ အနုပညာပွဲတော် ခေါင်းစဉ်အောက်၌ ဒါရိုက်တာအကယ်ဒမီ ငြိမ်းမင်းက **ကြယ်တွေကတဲ့ည** ဟူသော အစီအစဉ်ကို တင်ဆက်မည်ဖြစ်ပြီး ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်က **နှစ်ဆယ်ကျော်ရင် အမေခေါ်မယ်** ဟူသော ပြဇာတ်သစ်ဖြင့် တင်ဆက်မည်ဖြစ်ရာ ပါဝင်သော အနုပညာရှင်များက သူ့ကဏ္ဍနှင့်သူ ပိုင်နိုင်အောင် သရုပ်ဆောင် ဇာတ်တိုက်နေကြသည်မှာ ထိုင်ကြည့်နေသော ပရိသတ်အစစ်မဟုတ်သည့် အနုပညာရှင်သမားအချင်းချင်းပင် ကြည်နူးပျော်ရွှင်မှုများ ခံစားနေရသည်ကို တွေ့ရသည်။ ဟာသပြကွက်များကလည်း အူလှိုက်သည်းလှိုက် ရယ်မောရသည်ကို တွေ့ရသည်။ အကယ်ဒမီလူမင်း၊ နေမင်း၊ မင်းထက်ကျော်ဇင်၊ နဝရတ်၊ စန္ဒီမြင့်လွင်၊ အကယ်ဒမီ မိုးဒီ၊ ပေါ်လေး၊ မမတို့အဖွဲ့၏ လှုပ်ရှားမှုများက တဝါးဝါး၊ တဟားဟား ဖြစ်စေခဲ့သည်။ ဒိန်းဒေါင်၊ ငြိမ်းချမ်း၊ ထက်ထက်၊ ကျော်ထူးတို့က မြန်မာ့ရိုးရာလက်ဝှေ့ ကြိုးဝိုင်းတွင်း၌ ထိုးသတ်ကြပုံများကို ဟာသဖြင့် သရုပ်ဖော်ကွက်ကလည်း သက်ဆိုင်သူတို့သာမက ပရိသတ်အားလုံးမပြုံးဘဲနှင့် ဝါးလုံးကွဲရယ်ကြရမည့်ပြကွက်ဖြစ်သည်။ ကျော်ကျော်ဗိုနှင့် လင်းဇာနည်ဇော်၊ သဇင်အပါအဝင်မင်းသမီးများက နာမည်ကျော်ဇာတ်မင်းသားကြီးများ ဖြစ်ကြသော မန္တလေးသိန်းဇော်၊ မိုးဝင်း၊ ချမ်းသာတို့နှင့်အတူကကွက်များကို ပြန်လည်ဆန်းသစ်သရုပ်ဖော်ကြသည်။

ပါဝင်ကြမည်

ထို့အပြင် အနုပညာပွဲတော် ခေါင်းစီးအောက်၌ အကယ်ဒမီ နေတိုး၊ ထွန်းထွန်း(Example)၊ ရဲလေး၊ မယ်လိုဒီ၊ ပုလဲဝင်း၊ ဆုပန်ထွာ၊ မေကဗျာ၊ အေးမြတ်သူ၊ ချောရတနာ၊ ခင်လေးနွယ်၊ ချစ်သုဝေ၊ မေသက်ခိုင်၊ အေသင်ချိုဆွေတို့ကလည်း အားဖြည့်ပါဝင်ကြဦးမည်ဖြစ်ပြီး ကောင်းစံ၊ ကျော်ထူး၊ ဝက်မ၊ ရှက်တယ် အစရှိသော လူရွှင်တော်များလည်း ပါဝင်ကြဦးမည်ဟု သိရသည်။ ရုပ်ရှင်ပိတ်ကားပေါ်တွင် ပုံရိပ်အသွင်သာမြင်ခဲ့ရသော အနုပညာရှင်များကို ဇာတ်ခုံပေါ်တွင် ကိုယ်တိုင်ကိုယ်ကျ မျက်ဝါးထင်ထင် တွေ့မြင်ရှုစားရမည့်အပြင် စိတ်ညစ်စရာ၊ လွမ်းစရာမပါ ကြည်နူးပျော်ရွှင်ဖွယ်ရာများကိုသာ ခံစားရမည့် အနုပညာပွဲတော်ကို ကျပ် ၈၀၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀ ရုံဝင်ကြေး သတ်မှတ်ထားကြောင်းသိရသည်။ကြိုတင်လက်မှတ်များကို ငွေးမြန်မာဗီဒီယိုထုတ်လုပ် ဖြန့်ချိရေး ၃၅ လမ်း (အထက်)ဖုန်း-၀၉-၇၃၀၀၁၉၄၈၊ ၀၉-၅၀၀၁၉၀၀၊ ကြယ်စင်ဖက်ရှင်ဆိုင် အမှတ် ၄၂ ရုံ ၁ ဗိုလ်ချုပ်ဈေးသစ်၊ ဖုန်း-၀၁၉-၅၁၇၃၆၆၃၊ ၀၉-၅၁၂၂၄၇ တို့၌ရောင်းချပေးနေပြီဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အကယ်ဒမီ လူမင်း၊ အကယ်ဒမီ မိုးဒီ၊ မင်းထက်ကျော်ဇင်၊ မျိုးစန္ဒီကျော်၊ နေမင်းနှင့် နဝရတ်တို့၏ ပြဇာတ် သရုပ်ဆောင်ကွက်ကို ဤသို့ တွေ့ရသည်။

မြဝတီရုပ်မြင်သံကြား

၂၅-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇:၁၀ ၄။ တရားတော်
- ၇:၁၅ ၅။ ဓမ္မပူဇာတေး
- ၇:၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
- ၇:၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
- ၈:၁၅ ၁၃။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄:၀၅ ၃။ နိုင်ငံတော်သီချင်း
- ၄:၁၀ ၄။ အဖွင့်သီချင်း
- ၄:၁၅ ၅။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၆။ မဟာဂီတချိုကြည်မြ
- ၄:၂၅ ၇။ ဇာတ်လမ်းတို
- ၄:၃၀ ၈။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၄၅ ၁၀။ အိုင်စီတီသုတ
- ၄:၅၅ ၁၁။ မီးသတိပေးနှိုးဆော်ချက်
- ၅:၂၅ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၁၃။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **မိုးမြင့်ထက်ကလင်းယုန်** (အပိုင်း-၁)
- ၆:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
- ၆:၁၅ ၁၆။ **ရှာ** ဟာသဇာတ်လမ်းတွဲ
- ၆:၄၅ ၁၇။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၄၁)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ ဦးတည်ချက် (၁၂)ရပ်
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ သံစဉ်များနှင့်ကမ္ဘာ
- ၂၅။ စိုက်ပျိုးသုတ
- ၂၆။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၇)
- ၂၉။ ကမ္ဘာ့တစ်ခွင်ခရီးစဉ်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **တဏှာသင်္ခါယသုတ်** တရားတော် (ဆရာတော် ဦးဃောသိတ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၅)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၂)
- ၈:၄၀ မဟာမေ့ရှံသီအိမ်တော်ရာစေတီ၏ ခြိမ့်ခြိမ့်သဲဆင်နွှဲဗုဒ္ဓပူဇနိယပူဇော်ပွဲ
- ၈:၅၅ အကယ်ရွာမကျေးရွာ (၁၆)ခုတင်ဆံ့ ဆေးရုံ အုတ်မြစ်ချမင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာအခမ်းအနား
- ၉:၂၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၉:၃၅ Movies Talk **အသာမစံ အနာခံလူကြမ်းများ** (အပိုင်း-၈)
- ၁၀:၀၅ သုံးစွဲသူများပီတိဖြစ်စေမည် "Delight Trading"
- ၁၀:၂၀ မန္တလေးမြို့မှ တိတ်ဆိတ်ခြင်း၏ ခွန်အားများ
- ၁၀:၄၅ ဖက်ရှင်လမ်းညွှန် (မင်္ဂလာပြက္ခဒိန်အထူးအစီအစဉ်) (ပြည်စိုးအောင်)
- ၁၁:၀၅ သူတို့ပြောတဲ့သူတို့အကြောင်း (ကျော်ကျော်ဗိုနှင့်တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁:၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၀ JICA Myanmar၏ မေတ္တာကွန်ရက်များဆီသို့…(ပြန်လည်သန့်စွမ်းရေးနှင့် ထူထောင်ရေးလုပ်ငန်းများ စွမ်းအားမြှင့်တင်ရေးစီမံကိန်း)
- ၁၂:၃၀ အံ့ဖွယ်ထူးခြား… မြန်မာ့အနုလက်ရာ… တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား
- ၁:၀၀ **တဏှာသင်္ခါယသုတ်** တရားတော် (ဆရာတော် ဦးဃောသိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၁၅ Activities in the City [(၇၂)ကြိမ်မြောက်ပညာရည်ချွန် ထူးချွန်ဆုနှင့်သက်ကြီးပူဇော်ပွဲ ညောင်တုန်းမြို့နယ်အသင်း (ရန်ကုန်)]
- ၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၅)
- ၄:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၂)
- ၄:၅၅ အတုအပကင်းစေဖို့ 3D Hologram သုံးကြစို့
- ၅:၂၀ The Champion of Dance
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Olay ပစ္စည်းသစ်မိတ်ဆက်ပွဲ)
- ၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၆)
- ၇:၂၀ Myanmar Casual Wear Super Star Singing Contest (Part-1)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စက္ကူအလင်းဝေဖြာ တိုက်နယ်ညောင်ကျိုးမှာ
- ၉:၀၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၃)
- ၁၀:၁၀ ဂီတသရုပ်ပြခန်း (အိန်အိန်- မတူညီတဲ့ရောစပ်ခြင်း)
- ၁၀:၄၀ ပီတိလွှမ်းခြုံ အထက (၁) မြင်းခြံရဲ့ အာစရိယဂုဏ်
- ၁၀:၅၅ VJ Choice
- ၁၁:၂၀ တစ်နေရာတည်းပြီးပြည့်စုံစေမှာ… Ginger
- ၁၁:၄၀ World of Knowledge (World Cyber Games)
- ၁၂:၁၅ SGED သက်ကြီးဆရာဝန် စောင့်ရှောက်ရေး
- ၁၂:၄၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (စိမ်းလန်းဝေဖြာမဟူရာ)
- ၁၂:၅၅ ပုဂံအိမ်ထဲကထည်ဝါမှုပြယုဂ်
- ၁:၀၅ RO ဆိုတဲ့ KTM
- ၁:၃၀ ၂၅မိုင် ဖိမ်နဲ့ထိုင် နင်းစရာမလိုတဲ့ စက်ဘီး မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ၊ ချမ်းမေမြတ်နိုး၊ ဦးစိုးနီ [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
- ၁:၄၀ နေပြည်တော်ကမ္ဘောဇဘဏ်နှင့် ဘဏ်ခွဲများ၏ဝန်ဆောင်မှု လုပ်ငန်းများ
- ၂:၀၅ ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
- ၂:၁၅ ဒို့တိုင်းဌာနီရောဝတီ (ကြက်၊ ဘဲ၊ ဝက်၊ ငါး မွေးမြူရေးလုပ်ငန်းများ)
- ၂:၃၀ လေ့လာသင်ကြားစရာ သံစဉ်မဲ့ဘာသာ
- ၂:၄၅ အိုက်ကီဒိုနှင့်သမီးပျို
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ ပေါ့ပေါ့ပါးပါးဂေါက်သီး အားကစား [အကွာအဝေးရရန် အဓိကသော့ချက်(၇)ချက်]
- ၄:၁၀ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ
- ၄:၃၅ လောကအလင်းရောင် ဝိပဿနာဘဏ်တန်ဆောင်
- ၄:၄၅ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ငါးသိုင်းချောင်းမြို့ ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို ဖေဖော်ဝါရီ ၁၀ ရက်က ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ စစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးရဲထွန်းဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု နောက်ဆုံးနှစ်သင်တန်း တက်ရောက်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

STI Education သည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် Logistics Management, Supply Chain Management, Human Resources Management, Teacher Training, Hospitality & Tourism Management, Banking & Finance, Business Management စသည့် ဒီပလိုမာနှင့် အဆင့်မြင့်ဒီပလိုမာ ဘာသာရပ်အမျိုးမျိုး သင်ကြားပို့ချလျက်ရှိသည်။ STI မှ အဆင့်မြင့်ဒီပလိုမာ အောင်မြင်ပြီးစီးသူများအနေနှင့် Sunderland တက္ကသိုလ်၏ B.A (Hons.) in Business Management ၏ နောက်ဆုံးနှစ်ကို သင်ယူနိုင်သည်။ ယင်းအစီအစဉ်သည် အင်္ဂလန်နိုင်ငံ Sunderland တက္ကသိုလ်၏ B.A (Hons.) ကို ပြည်တွင်း၌ သင်ယူနိုင်သည့် ပထမဆုံးနှင့် တစ်ခုတည်းသော အစီအစဉ်ဖြစ်သည်။

သင်ယူနိုင်

ယင်းဘွဲ့ကို University of Sunderland, UK မှ ချီးမြှင့်မည်ဖြစ်ပြီး အင်္ဂလန်နိုင်ငံ Sunderland တက္ကသိုလ်မှ တိုက်ရိုက်သင်ကြားမည်ဖြစ်သည်။ သင်ကြားသည့် ဘာသာရပ်များမှာ Strategic Management Accounting, Strategic Management of Human Resources, Marketing Strategy, Managing Projects, Strategic Management, Contemporary Developments in Business Management တို့ ဖြစ်ပြီး တစ်နှစ်မှ သုံးနှစ်အတွင်း မိမိစိတ်တိုင်းကျ အွန်လိုင်းမှ သင်ယူနိုင်သည်။ ယင်းနောက်ဆုံးနှစ် တက်ရောက်လိုသူများအနေဖြင့် အင်္ဂလိပ်ဘာသာ သတ်မှတ်အရည်အချင်း ပြည့်မီရမည်ဖြစ်သည်။ မပြည့်မီသူများအနေဖြင့် STI ၌ English Foundation Program တက်ရောက်ရမည်ဖြစ်သည်။ Intake အားဖြင့် Jan, April, July, Oct လေးခုရှိသည်။

April Intake တွင် စတင်တက်ရောက်လိုသူများ အနေဖြင့် ဖေဖော်ဝါရီလနှင့် မတ်လဆန်းတွင် STI ၌ လျှောက်ထားနိုင်သည်။

Sunderland တက္ကသိုလ်၏ B.A (Hons.) အောင်မြင်ပြီးသူများအနေဖြင့် STI ၌ University of Bradford ၏ MBA ကို လည်းကောင်း၊ University of Sunderland ၏ MBA ကို လည်းကောင်း ဆက်လက်၍ သင်ကြားနိုင်သည်။

ဆက်သွယ်စုံစမ်း

အသေးစိတ်သိရှိလိုပါက STI Education အမှတ် (၃၇၇) ရွှေဘုံသာ (အထက်လမ်း) ပန်းဘဲတန်းမြို့နယ်သို့လည်းကောင်း၊ အဆောင် (၄) အခန်း(၇) မြန်မာအင်ဖိုတက်ခ်လှိုင်မြို့နယ်သို့လည်းကောင်း၊ ဖုန်း- ၇၀၀၂၇၃နှင့် ၅၀၇၀၄၈တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်း ဆွေးနွေးမေးမြန်း၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆေးပညာသတင်းဆန်းများ (၁၂)

ဒေါက်တာကံညွန့်

ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြရာမှာ ယခုနှစ် ဇူလိုင် ဒုတိယအပတ်က Austria နိုင်ငံ ဗီယင်နာမြို့မှာ ကျင်းပတဲ့ (၁၈)ကြိမ်မြောက် နိုင်ငံတကာ AIDS ညီလာခံက ထွက်ပေါ်လာတဲ့ ဝမ်းသာစရာ သတင်းကောင်းတွေကို ဦးစားပေးတင်ပြလိုပါတယ်။ ဒါကတော့ အာဖရိက (၁၆)နိုင်ငံရှိ လူငယ်တွေကြားမှာ AIDS ရောဂါဖြစ်ပွားမှု သိသိသာသာ ကျဆင်းလာတယ်ဆိုတဲ့ အကြောင်းပါပဲ။ ဒါဟာ လူငယ်တွေကြား AIDS ရောဂါအကြောင်း ပညာပေးမှု များလာတာကြောင့်ရယ်၊ လူငယ်တွေ Condom အသုံးပြုမှု များလာတာရယ်နှင့် ART ဆေးတွေကို AIDS ရောဂါဖြစ်နေသူတွေကို လုံလောက်စွာ ပေးနိုင်တာကြောင့်လို့ ထောက်ပြထားကြပါတယ်။ နောက်ပြီး အမျိုးသမီးတွေမှာ ပဋိသန္ဓေကာကွယ်ရာမှာ အသုံးပြုတဲ့ Ring နှင့်အတူ ART ဆေးတစ်ခုဖြစ်သည့် Tenofovir ဆေးနှင့်ပြုလုပ်ထားတဲ့ Gel အသုံး ပြုမှုဟာလည်း AIDS ကို ၅၀ရာခိုင်နှုန်း ကာကွယ်နိုင်ကြောင်း စာတမ်းတစ်စောင်မှာ ဖော်ပြထားပါတယ်။

နောက်အများသိသင့်တဲ့အချက်ကလည်း ယခင်က AIDS ဝေဒနာရှင် အမျိုးသမီးတွေဟာ ကလေးမွေးလာရင် ကလေးကို မိခင်နို့ မတိုက်ဖို့ တားမြစ်ခဲ့ကြပါတယ်။ ယခုတော့ ထိုသို့မဟုတ်ဘဲ မိခင်နို့တိုက်ကို တိုက်ရမှာဖြစ်ပြီး ထိုသို့တိုက်မှသာ မွေးစကလေးမှာ မိခင်ဆီက ကိုယ်ခံစွမ်းအား Anitbodies တွေ့ရနိုင်ပြီး AIDS နှင့်အတူတွဲ ဖြစ်ပေါ်လာနိုင်တဲ့ တီဘီရောဂါ၊ အဆုတ်ရောဂါနှင့် တခြားရောဂါတွေကို ကာကွယ်နိုင်မှာဖြစ်ကြောင်း တင်ပြထားကြပါတယ်။ နောက်ပြီး AIDS ရောဂါ မွေးစကလေးတွေကို မကူးစက်နိုင်အောင် AIDS ဖြစ်နေတဲ့ မိခင်တွေကို ကိုယ်ဝန်ဆောင်ချိန်မှာ ART ဆေးကို လုံလောက်စွာပေးပြီး ကုသနိုင်ပါက ကလေးမှာ AIDS ကူးစက်ခြင်းက ကာကွယ်နိုင်တာကိုလည်း တွေ့ရှိရတယ်လို့ စာတမ်းတစ်စောင်မှာ ဖော်ပြထားပါတယ်။ ဒါကြောင့် မိခင်လောင်းများဖြစ်နေတာနဲ့ တစ်ပြိုင်နက် AIDS ရောဂါရှိ/ မရှိကြိုတင်အစစ်ဆေးခံကြဖို့နဲ့ မိမိရင်သွေးမှာ HIV ပိုးမပါသွားအောင် စောစီးစွာ ဆေးကုသမှုခံယူထားကြဖို့ တိုက်တွန်းထားပါတယ်။ ယခု အခါ AIDS ရောဂါတိုက်ဖျက်တဲ့ဆေးဝါးများကို ဝေဒနာရှင် ၁ ဒသမ ၂ သန်းအတွက် ပိုမိုပေးနိုင်ခဲ့ပြီး စုစုပေါင်း ဝေဒနာရှင် ၅ ဒသမ ၂သန်း ကို ဆေးဝါးများ အခမဲ့ပေးနိုင်ခဲ့ပြီလို့ သိရပါတယ်။ ဒါကတော့ Austira နိုင်ငံ ဗီယင်နာမြို့မှာ ပြုလုပ်ခဲ့တဲ့ (၁၈)ကြိမ်မြောက် နိုင်ငံတကာ AIDS ညီလာခံက ထွက်ပေါ်လာတဲ့ သတင်းကောင်းတွေပါပဲ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အဝလွန်သူတွေဟာ သာမန်အဝလွန်သူတွေထက် ကင်ဆာရောဂါတချို့ ပိုဖြစ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒါဟာ အာရှ ပစိဖိတ်နိုင်ငံတွေမှာ ပိုဆိုးနေကြောင်း အာရှ၊ Australia နှင့် နယူးဇီလန်နိုင်ငံတွေက လူပေါင်း၄၂၄၅၀၀ကို လေ့လာပြီး ပေါ်ထွက်လာတဲ့ သတင်းပါ။ အဝလွန်သူတွေဟာ သာမန်လူတွေထက် ၆ရာခိုင်နှုန်းမှ ၂၁ရာခိုင်နှုန်းအထိ ကင်ဆာရောဂါ ပိုဖြစ်နိုင်ကြောင်းနှင့် ၄င်းတို့မှာ ဖြစ်တတ်တဲ့ ကင်ဆာရောဂါတွေကတော့ အူမကြီး၊ စအို၊ သားဥ၊ သားအိမ်၊ ဆီးကျိတ်နှင့် သွေးကင်ဆာတို့ ဖြစ်နိုင်ကြောင်း၊ အသက်(၆၀)ကျော် အဝလွန်သူအမျိုးသမီးတွေဟာ သာမန်အမျိုးသမီးတွေထက် ရင်သားကင်ဆာဖြစ်ဖို့ အလားအလာပိုရှိကြောင်း တင်ပြထားကြပါတယ်။

နောက်တစ်ပုဒ်ကလည်းအဝလွန်သူတွေရဲ့သတင်းပါပဲ။ အမေရိကန်နိုင်ငံမှာ ၁၉၉၁ ခုနှစ်လောက်က ဘယ်ပြည်နယ်မှာမှ အဝလွန်သူ ၂၀ ရာခိုင်နှုန်းထက် ပိုမရှိခဲ့ပါဘူး။ ဒါပေမယ့် ယခု TFAH လို့ ခေါ်တဲ့ Trust For America's Health အသင်းကြီးနှင့် RWJF ခေါ်တဲ့ Robert Wood Johnson Foundation ကြီးရဲ့ လေ့လာချက်အရ အမေရိကန်ပြည်နယ်အားလုံးရဲ့ သုံးပုံနှစ်ပုံရှိတဲ့ ပြည်နယ် ၃၈ ပြည်နယ်မှာ လူကြီးတွေရဲ့ အဝလွန်နှုန်းဟာ ၂၅ ရာခိုင်နှုန်း ကျော်နေပြီလို့ သိရပါတယ်။ ဒီပြဿနာတွေကိုသာ မဖြေရှင်းဘူးဆိုရင် ကျန်းမာရေးဆိုင်ရာ ပြဿနာတွေနဲ့ ရင်ဆိုင်ရဖွယ်ရှိတယ်လို့ TFAH အသင်းကြီးရဲ့ ညွှန်ကြားရေးမှူး Jeffrey Levi က ထောက်ပြထားပါတယ်။

နောက် Sweden နိုင်ငံ Stockholm မြို့မှာ ကျင်းပခဲ့တဲ့ International Congress on Obesity မှာ တင်ပြခဲ့တဲ့ လေ့လာချက်စာတမ်းတစ်စောင်အရ အများအားဖြင့် အဝလွန်သူတွေဟာ အသက် ၂၀ ဝန်းကျင်က စခဲ့ကြကြောင်း အသက်ကြီးမှ ဝသူတွေနည်းပါးကြောင်း၊ ယင်းအဝလွန်သူတွေဟာ သာမန်လူတွေထက် ရှစ်နှစ်စောပြီး သေဆုံးနိုင်ကြောင်း သိရပါတယ်။ ယင်းညီလာခံက စာတမ်းတစ်စောင်မှာပဲ အဝလွန်သူတွေမှာရှိတတ်တဲ့ FTO ဆိုတဲ့ Gene ဟာ အသက်ကြီးလာတဲ့အခါ ဦးနှောက်မှာဖြစ်တတ်တဲ့ Alzheimer, Demantia ခေါ်တဲ့ အမေ့လွန်ရောဂါတွေနဲ့ ဆက်စပ်နေတာကြောင့် ၄င်းရောဂါတွေဟာ အဝလွန်သူတွေမှာ ပိုဖြစ်နိုင်ကြောင်း ဆွီဒင်နိုင်ငံသား အသက် ၇၅ နှစ်ကျော် လူပေါင်း ၁၀၀၀ ကျော်ကို ကိုးနှစ်ကြာ လေ့လာပြီးတွေ့ရှိရတယ်လို့ ဖော်ပြထားပါတယ်။ ဒါကတော့ အဝလွန်သူတွေရဲ့အကြောင်း သုတေသနလုပ်ထားသမျှ ဖော်ပြလိုက်ရတဲ့ သတင်းပါပဲ။

ဒါကြောင့် အဝလွန်သူတွေဟာ အများအားဖြင့် အသက်(၂၀-၂၅) အရွယ်ကပဲ ဝတတ်ကြတာမို့ ယင်းအရွယ်ကပဲ အစားအသောက်ထိန်းခြင်း၊ နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ လုပ်နေဖို့လိုပါတယ်။ ကိုယ်ဝနေလား မဝဘူးလားဆိုတာသိနိုင်ဖို့က Body Mass Index (BMI) လို့ခေါ်တဲ့ ကိုယ့်ရဲ့အဝညွှန်းကိန်းကို သိထားဖို့လိုပါတယ်။ ဒီညွှန်းကိန်းက ကိုယ့်အလေးချိန် Kilogram ကို ကိုယ့်ရဲ့အရပ်(မီတာ) နှစ်ထပ်နှင့် စားရင်ရတဲ့ကိန်းပါ။ ဥပမာ ကိုယ့်အလေးချိန် 60 kgm၊ ကိုယ့်အရပ်က 1.5 မီတာဆိုရင် $\frac{60}{1.5x1.5} = \frac{60}{2.25} = 26.6$ ဆိုရင် နည်းနည်း Over Weight ဖြစ်ပါတယ်။

Normal က ၁၈.၅ ကနေ ၂၅ အထိရှိပြီး Under Weight က ၁၈.၅ ရဲ့ အောက်မှာရှိတာပါ။ Over Weight က ၂၅ ကနေ ၃၀ အထိ သတ်မှတ်ပြီး ၃၀ ထက် ကျော်သူတွေကိုတော့ အဝလွန်သူ (Obese) လို့ သတ်မှတ်ပါတယ်။ ဒီစံနှုန်းနှင့် ချင့်ချိန်ပြီး နေကြရပါမယ်။

နောက်တင်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ဇနီးမယားနဲ့ အသက်အရွယ်ကြီးရင့်လာသည်အထိ စိတ်ချမ်းသာစွာ ပေါင်းသင်းနေထိုင်ရတဲ့ အိမ်ထောင်ရှင်ယောကျ်ားတွေဟာ လေဖြတ်ခြင်း၊ နှလုံးရောဂါနှင့် ရုတ်တရက် အသက်ဆုံးရှုံးရခြင်းတွေက လွတ်မြောက်နိုင်တယ်လို့ အစ္စရေးနိုင်ငံ Tel Aviv တက္ကသိုလ်က ဆေးသိပ္ပံပညာရှင်တစ်စုက လေ့လာထားတာကိုလည်း တင်ပြလိုပါတယ်။ ဒီလေ့လာချက်ကို ၁၉၆၃ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ၃၄ နှစ်ကြာ အစ္စရေးနိုင်ငံသားလူပေါင်း ၁၀၀၅၉ ဦးကို အခြေခံထားပြီး လေ့လာခဲ့ကြတာလို့ဆိုပါတယ်။ ၄င်းတို့လေ့လာချက်အရ တစ်ဦးတည်းနေသူတွေနှင့် အိမ်ထောင်ရေးမှာ အဆင်မပြေသူတွေဟာ အိမ်ထောင်ရေးအဆင်ပြေသူတွေထက် လေဖြတ်ခြင်းနှင့် နှလုံးရောဂါဖြစ်ဖို့ ၆၄ရာခိုင်နှုန်း ပိုများကြောင်း တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒီတွေ့ရှိချက်ဟာ အမေရိကန်နိုင်ငံ South Carolina ပြည်နယ်က သုတေသီတစ်စုရဲ့ လေ့လာချက်နှင့်လည်း တူညီနေကြောင်း တင်ပြထားကြပါတယ်။

ဒါနဲ့ အနည်းငယ်ပတ်သက်နေတဲ့ လေ့လာချက်သတင်းတစ်ပုဒ်မှာလည်း အချစ်ရေးမှာ အဆင်မပြေဖြစ်ခဲ့ရင် ယောကျ်ားလေးတွေက မိန်းကလေးတွေထက် စိတ်ဆင်းရဲမှု ပိုမိုပြင်းထန်စွာခံစားရတယ်လို့ ဖော်ပြထားပါတယ်။ ဒီလေ့လာချက်ကလည်း အမေရိကန်နိုင်ငံ North Carolina ပြည်နယ်က Winston Salem University က သုတေသီတစ်စုက လေ့လာထားချက်ပါ။

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အရပ်တိုတဲ့ လူတွေဟာ ပုံမှန်အရပ်ရှိသူတွေထက် နှလုံးရောဂါဖြစ်ဖို့ အခွင့်အလမ်း ၅၀ ရာခိုင်နှုန်းခန့် ပိုရှိတယ်လို့ လေ့လာထားချက်ကို တင်ပြလိုပါတယ်။ ဒီလိုဆက်နွှယ်မှုရှိကြောင်း ယခင်က စာတမ်း ၅၂ စောင်မှာ ဖော်ပြခဲ့ဖူးပါတယ်။ ယခု ဖင်လန်နိုင်ငံမှာ ထပ်မံပြုလုပ်တဲ့ သုတေသနတစ်ရပ်မှာ ဖင်လန်နိုင်ငံသား ယောကျ်ား မိန်းမ သုံးသန်းကျော်ကို လေ့လာပြီး ထွက်ပေါ်လာတာဖြစ်ပါတယ်။ သူတို့ စံနှုန်းအရ အရပ်တိုသူကို ၁၆၁ စင်တီမီတာ (သို့) ၅ ပေ ၃ လက်မထက် နိမ့်သူလို့ သတ်မှတ်ပြီး အရပ်ရှည်သူအဖြစ် ၁၇၄ စင်တီမီတာ (သို့) ၅ ပေ ၉လက်မ အထက် အရှည်ရှိသူလို့ သတ်မှတ်ထားပါတယ်။ ၄င်းနှစ်ခုကြားထဲမှ လူများကိုတော့ ပုံမှန်အရပ်ရှိသူအဖြစ် သတ်မှတ်ထားကြပါတယ်။

ယခုနောက်ဆုံးဖော်ပြလိုတဲ့ ဆေးပညာသတင်းတစ်ပုဒ်ကတော့ ထိခိုက်ဒဏ်ရာရပြီး သွေးအလွယ်တကူ မသွင်းပေးနိုင်တဲ့ လူနာတွေမှာ အရေးပေါ်အနေဖြင့် သွေးတိတ်ဆေးတစ်ခုဖြစ်တဲ့ TXA လို့ခေါ်တဲ့ Tranexamic Acid ထိုးဆေးကို ထိုးပေးနိုင်ပါက သွေးထွက်လွန်ပြီး ဆုံးပါးသွားမယ့်အရေးကနေ ၁၅ရာခိုင်နှုန်းခန့် ကယ်တင်နိုင်မယ်ဆိုတဲ့ သတင်းပါပဲ။

ကမ္ဘာတစ်လွှား တစ်နှစ်မှာ လူပေါင်း အနည်းဆုံး ခြောက်သိန်းခန့်ဟာ ထိခိုက်ဒဏ်ရာကြောင့် သေဆုံးနေကြောင်း၊ ဒီကုသမှုကြောင့် အနည်းဆုံး လူပေါင်း တစ်သိန်းလောက်ကိုတော့ ကယ်တင်နိုင်လိမ့်မယ်လို့ မျှော်လင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ထုတ်ပြန်တဲ့ အစီရင်ခံစာတစ်ခုမှာ တင်ပြထားပါတယ်။ ထိခိုက်ဒဏ်ရာရခြင်းကြောင့် သေဆုံးရတဲ့အကြောင်းရင်းက သွေးထွက်လွန်မှုကြောင့်ဖြစ်ပြီး ဒီထိခိုက်ဒဏ်ရာရသူအားလုံးကိုသာ ဒီသွေးတိတ်ဆေးထိုးပေးနိုင်ခဲ့ရင် လူနာ ဆယ်ပုံတစ်ပုံရဲ့ အသက်ကို ကယ်နိုင်လိမ့်မယ်ဖြစ်ကြောင်း လူ ၂၀၀၀၀ ကျော်ကို စမ်းသပ်ခဲ့ပြီးလုပ်ထားတဲ့ သုတေသနတစ်ခုကို အခြေခံပြီး ထွက်ပေါ်လာတဲ့သတင်းကို တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများ အစီရင်ခံခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

● *ကျောဖုံးမှ*

နေပြည်တော်ဇုန်နှင့် ဟသ်ာတဇုန်ဟူ၍ သတ်မှတ်ထားရှိသည်။ အဆိုပါ စီမံကိန်းဇုန်များအနက် နေပြည်တော်ဇုန်အတွင်း၌ ၂၀၀၃ ခုနှစ်မှစတင်၍ မြေအောက်ရေဖော်ထုတ်မှုလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့အထိ သောက်သုံးရေတွင်းပေါင်း ၁၀၄ တွင်းတူးဖော်အောင်မြင်ခဲ့ပြီးဒေသခံပြည်သူ ၆၂၄၀၀အတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေးလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ခဲ့သည်။

တူးဖော်အောင်မြင်

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းဒေသတွင် ပါဝင်ပြီး မြေအောက်ရေရရှိရန် အခြေအနေကောင်းမွန်သော ပျော်ဘွယ်-ဘုရားငါးဆူဇုန်တွင်လေးလက်မစိုက်ပျိုးရေစက်ရေတွင်း ၁၀၀ တူးဖော်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ် အောက်တိုဘာမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီအထိ စက်ရေတွင်းပေါင်း ၈၀ တူးဖော်အောင်မြင်ခဲ့ပြီးဖြစ်သည်။

တိုးတက်မြင့်မား

အဆိုပါ တူးဖော်အောင်မြင်ပြီးစက်ရေတွင်း ၈၀ အနက် သဘာဝရေလျှံတွင်း ၆၀မှ တစ်တွင်းလျှင် ပျမ်းမျှ တစ်နာရီလျှင် ရေလျှံနှုန်း ဂါလန် ၃၀၀၀ရရှိခဲ့သည်။ပျော်ဘွယ်-ဘုရားငါးဆူဇုန်သည် နှစ်စဉ်မိုးရေချိန်နည်းပါးပြီး ပူပြင်းခြောက်သွေ့သော ဒေသတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးရေ ဖူလုံစွာမရရှိသော ဒေသတစ်ခုဖြစ်သည်။ ယခုစီမံကိန်းအရ ရေထွက်နှုန်း ကောင်းမွန်သော သဘာဝရေလျှံတွင်းများမှ ရေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးရေ ဖူလုံစွာရရှိသဖြင့် သီးနှံစိုက်ဧကများ တိုးတက်လာပြီး ယခင်က တစ်သီးသာ စိုက်ပျိုးနိုင်ခဲ့ရာမှ ယခုအခါ ဒေသနှင့်ကိုက်ညီသော သီးနှံပုံစံများဖြင့် သီးထပ်၊ သီးညှပ်များ တိုးချဲ့စိုက်ပျိုးလာနိုင်ပြီ ဖြစ်သည်။တစ်နှစ်ပတ်လုံး သီးနှံစိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသတွင်း စိုက်ဧကနှင့် အထွက်နှုန်းများ တိုးတက်လာပြီး ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာခဲ့ပြီ ဖြစ်သည်။

ပေးဝေနိုင်ခဲ့

မြေအောက်ရေ ဖော်ထုတ်အသုံးပြုရေး စီမံကိန်းဇုန် ငါးဇုန်တွင် စက်ရေတွင်းများ တူးဖော်ပေးခဲ့ရာ၌ ယနေ့အထိနေပြည်တော်ဇုန်တွင်စက်ရေတွင်း ၁၀၄တွင်း၊ မိတ္ထီလာ-သာစည်ဇုန်တွင် စက်ရေတွင်း ၄၄၉တွင်း၊ ပျော်ဘွယ်-ဘုရားငါးဆူဇုန်တွင် စက်ရေတွင်း ၈၀၊ နွားထိုးကြီးဇုန်တွင် စက်ရေတွင်း ၄၆ တွင်းနှင့် ဟသ်ာတဇုန်တွင် စက်ရေတွင်း ၁၆၇ တွင်း စုစုပေါင်းစက်ရေတွင်း ၈၄၆ တွင်း တူးဖော်ပေးနိုင်ခဲ့သည်။ အဆိုပါ စက်ရေတွင်းများမှ ရေဖြင့် စုစုပေါင်းစိုက်ဧက ၄၅၀၀ကို စိုက်ပျိုးရေပေးဝေနိုင်ပြီး ဒေသခံပြည်သူ ၈၀၀၀၀ ကျော်အတွက် သောက်သုံးရေပေးဝေနိုင်ခဲ့ပြီဖြစ်သည်။

ရောက်ရှိမည်

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မြေအောက်ရေ ဖော်ထုတ်အသုံးပြုရေး လုပ်ငန်းများအရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန၏ လုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက်တရုတ်ပြည်သူ့သမ္မတနိုင်ငံ RG-Petro Machinery Group Co., Ltd. မှ ထုတ်လုပ်သော RG အမျိုးအစား တွင်းတူးစက် ၁၂စီးကို ၂၀၁၀ ခုနှစ်အတွင်း မှာယူပံ့ပိုးပေးခဲ့သည်။ ယနေ့အထိRGတွင်းတူးစက်ခြောက်စီး ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း တွင်းတူးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ဇုန်တွင် စက်ရေတွင်းလေးတွင်း၊ ပျော်ဘွယ်-ဘုရားငါးဆူဇုန်တွင်စက်ရေတွင်းသုံးတွင်းစုစုပေါင်း စက်ရေတွင်းခုနစ်တွင်း တူးဖော်အောင်မြင်ခဲ့ပြီးဖြစ်သည်။ ယင်းသို့ မှာယူခဲ့ရာမှ ကျန်ရှိသော RG တွင်းတူးစက်ခြောက်စီးမှာ ၂၀၁၁ ခုနှစ် မတ်လအတွင်း ရောက်ရှိမည်ဟု သိရသည်။

အသုံးပြု

တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ တင်သွင်းသော RG တွင်းတူးစက်များ၏ တွင်းတူးဖော်နိုင်မှု စွမ်းရည်မှာ အနက်ပေ ၁၀၀၀ အထိဖြစ်ပြီး လိုအပ်ပါက ကျောက်လွှာအမာများကိုပါ ထွင်းဖောက်တူးဖော်နိုင်သော စနစ်ပါရှိသည်။ တွင်းတူးစက်တစ်စီးလုံးကို Hydraulic System ဖြင့် အပြည့်အဝ မောင်းနှင်နိုင်သဖြင့် မြေအောက်ရေ ဖော်ထုတ်အသုံးပြုခြင်းလုပ်ငန်းများတွင်ပိုမို၍ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်စွမ်းရှိသည်။ RG တွင်းတူးစက် တစ်စီး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၉၅၀၀၀ ဖြစ်သည်။

မိုးစပါးစိုက်ပျိုးရေးအတွက် ပျော်ဘွယ်မြို့နယ် တွင်းရွာကျေးရွာတွင် သဘာဝရေလျှံတွင်းမှ ထွက်ရှိသည့် မြေအောက်ရေကို ဤသို့ အသုံးပြုခဲ့သည်။

အထောက်အကူပြု

နိုင်ငံတော် အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရာတွင် စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေးဦးတည်ချက်ဖြင့် အကောင်အထည်ဖော်လျက်ရှိရာ အပူပိုင်းဇုန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရရှိရေး လုပ်ငန်းများသည် အခြေခံကျသောလုပ်ငန်းပင်ဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံး၌ ဖော်ထုတ်ရရှိပြီး ရေအရင်းအမြစ်များအပြင်မဖော်ထုတ်ရသေးသောမြေအောက်ရေသယံဇာတများကိုလည်း စူးစမ်းရှာဖွေလျက်ရှိသည်။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် မြေအောက်ရေကို အကျိုးရှိစွာ ဖော်ထုတ်အသုံးချနိုင်ရေးအတွက် RG တွင်းတူးစက်သစ်ကြီးများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်နှင့်ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော မြေအောက်ရေရရှိရေးလုပ်ငန်းတွင် အသုံးပြုသည့် RG တွင်းတူးစက်အသစ်များကို တွေ့ရစဉ်။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ဖေဖော်ဝါရီ ၃ ရက်က ခေ့ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးငွေလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇေယျာဇော်မျိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သထုံမြို့နယ် မြို့မဈေးအတွင်းရောင်းချလျက်ရှိသော အသားငါးများ၊ စားသောက်ကုန်ပစ္စည်းများ ကျန်းမာရေးနှင့် ညီညွတ်မှုရှိ မရှိကို ဖေဖော်ဝါရီ ၁၅ ရက်က ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများ၊ ကျန်းမာရေးမှူး(၂) ဦးတင်ဝင်းကျော်နှင့် ဒုတိယဦးစီးမှူး (ဈေး) ဒေါ်ယုယုဇော်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)



ကော့မှူးမြို့နယ် ကော့မှူး-ငှက်အော်စမ်းကျေးလက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင်နှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သက်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသက်အောင်သန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖေဖော်ဝါရီ ၁၆ ရက်က မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(စည်းကမ်း) ဦးအောင်လွင်ဦးနှင့်အဖွဲ့က အနေးယာဉ်(ဆိုက်ကား)များ ကြေးခိုင်မှုရှိ မရှိ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဥမြို့နယ် ယမုန်နာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဥမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်နှင့် အမှုဆောင်အရာရှိ ဦးသန်းစိုးဦးတို့ ဖေဖော်ဝါရီ ၃ ရက်က ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြတ်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၂ ခုနှစ်၊တပို့တွဲလပြည့်ကျော် ၇ ရက် (အဖိတ်နေ့)

၂၅-၂-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၀၅ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၅ ၈။ အတီးပြိုင်ပွဲ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ နှောင်းခေတ်တေးပဒေသာ
၄:၂၀ ၃။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှုအစီအစဉ်
၄:၃၀ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ပထဝီဝင်အထူးပြုများ) (သမိုင်း)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၁၀ ၈။ တေးဂီတအစီအစဉ်
၅:၂၀ ၉။ ပျော်စရာကမ္ဘာသို့
၅:၃၅ ၁၀။ ရိုးသားဖြူစင်ကလေးတို့အသွင်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၁၄)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လှျပ်တစ်ပြက်ဟာသများ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၃၁)
၂၀။ **သီချင်းချစ်သူ** (ငယ်ငယ်)
၂၁။ အစီအစဉ်ပြီး၏။

ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ ဂျာမနီ၌ ကျင်းပတော့မည်

မောင်မောင်မြင့်ဆွေ ရေးသားသည်

ဘာလင် ဖေဖော်ဝါရီ ၂၄

၂၀၁၁ ခုနှစ် ဖီဖာကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲကို လာမည့်ဇွန်လတွင် ကျင်းပရန်အတွက် အသင့်ရှိနေပြီဖြစ်ကြောင်း အိမ်ရှင်ဂျာမနီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ သီအိုဇဝမ်ဇိုင်ဂါက ဖေဖော်ဝါရီ ၂၄ ရက်၌ ထုတ်ဖော်ပြောကြားလိုက်သည်။

ပွဲကြည့်လက်မှတ် ငါးသိန်းကျော် ရောင်းချထားပြီးဖြစ်သည်။ ဖီဖာကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ဂျာမနီနိုင်ငံ၌ ကျင်းပတော့မည်ဖြစ်ပြီး အဖွင့်ပွဲစဉ်အဖြစ် ဇွန် ၂၆ ရက်၌ အိမ်ရှင်ဂျာမနီနှင့် ကနေဒါအသင်းတို့ ဘာလင်မြို့ အိုလံပစ်အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၇ ရက်၌ ဖရန့်ဖွတ်မြို့ အားကစားကွင်းတွင် ကျင်းပမည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် ဖီဖာအမျိုးသမီး ကမ္ဘာ့ဖလားဘောလုံးပွဲအတွက် အခြေခံအဆောက်အအုံများ၊ သယ်ယူပို့ဆောင်ရေးများ အစစအရာရာ အားလုံးပြင်ဆင်ပြီးသွားပြီဖြစ်ရာ အကောင်းဆုံးအနေအထားသို့ ရောက်ရှိနေပြီဟု ဆိုသည်။

ကစားမည်

၂၀၁၁ ခုနှစ် ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပွဲစဉ်အဖြစ် စုစုပေါင်း ၃၂ ပွဲ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။ ယခုအချိန်အထိ ပွဲကြည့်လက်မှတ်ပေါင်း ၅၁၅၀၀၀ ရောင်းချထားပြီးဖြစ်ရာ အဖွင့်ပွဲစဉ်၌ ပရိသတ် ၇၄၂၂၈ ဦး ဝင်ရောက်ကြည့်ရှုနိုင်သည့် ဘာလင်မြို့ အိုလံပစ်အားကစားကွင်း၌လည်း ရောင်းချသွားမည်ဖြစ်သည်။ မိမိတို့အနေဖြင့် ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲလက်မှတ်ပေါင်း ၆၃၀၀၀၀နှင့် ၆၅၀၀၀၀ အကြား ရောင်းချနိုင်မည်ဖြစ်ကြောင်း ဂျာမနီ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ပြောကြားသည်။ **(အင်တာနက်)**

ဂျာမနီအမျိုးသမီးဘောလုံးအသင်းနှင့် နော်ဝေအမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြစဉ်က မြင်ကွင်း။

အင်တာမီလန်ကို ဘိုင်ယန်မြူးနစ်ရှုံးကြေးဆပ်

လန်ဒန် ဖေဖော်ဝါရီ ၂၄

ချန်ပီယံလိဂ် ၁၆ သင်း ပထမအကျော့ပြိုင်ပွဲများကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂျာမနီကလပ် ဘိုင်ယန်မြူးနစ်က လက်ရှိချန်ပီယံ အင်တာမီလန်အသင်းကို အဝေးကွင်းတွင် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို လေလွှင့်ချိန်တွင် မာရီယိုဂိုမက်ဇ်**(အပေါ်ပုံ)** က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်က အင်တာမီလန်အား ၂၀၁၀ ခုနှစ် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့သည့် ရှုံးကြေးကို ပြန်ဆပ်လိုက်ခြင်းဖြစ်သည်။ ပွဲစဉ်တစ်လျှောက် ဘိုင်ယန်မြူးနစ် ကစားသမားများ ဖြစ်ကြသည့် ဖရန့်ရစ်ဘရီနှင့် အာဂျင်ရော့ဘင်တို့ အထူးခြေစွမ်းပြ ကစားခဲ့ကြသည်။

မန်ယူသရေ

မန်ယူတို့ ပြင်သစ်ကလပ်မာဆေးကွင်းသို့ သွားရောက်ကစားရာ ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည်။ ဖလက်ချာ အကောင်းဆုံး ကန်သွင်းခွင့်ရသော်လည်း မန်ယူတို့ ဂိုးကံခေခဲ့ရသည်။ **(အင်တာနက်)**

ရီးရဲမက်ဒရစ်ကွင်းလယ်ကစားသမားခီဒီရာ ဒဏ်ရာကြောင့် အနားယူရမည်

မက်ဒရစ် ဖေဖော်ဝါရီ ၂၄

ရီးရဲမက်ဒရစ်ကလပ်မှ ကွင်းလယ်ကစားသမား ဆာမီခီဒီရာသည် ဝဲဘက်ခြေထောက်ဒဏ်ရာရရှိနေသဖြင့် သီတင်းသုံးပတ်ကြာ အနားယူရမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်ကလပ်က ဖေဖော်ဝါရီ ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၂၇ နှစ်အရွယ်ရှိ ဂျာမနီနိုင်ငံသား ခီဒီရာ **(ယာပုံ)**သည် ဝဲဘက် ကြွက်သားဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့ကြောင်း ၎င်းကလပ်၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။ ခီဒီရာသည် ယခုနှစ်ဘောလုံးရာသီ၌ ရီးရဲမက်ဒရစ်အတွက် စုစုပေါင်း ၃၂ ပွဲ ပါဝင်ကစားပေးထားသည်။

ခီဒီရာသည် လာလီဂါပွဲစဉ်အဖြစ် ဒီပို့တီဗိုအသင်းနှင့်ပွဲတွင် ပါဝင်နိုင်ဖွယ်မရှိသော်လည်း ချန်ပီယံလိဂ်ပွဲစဉ်အဖြစ် မတ် ၁၆ ရက်၌ ကစားရမည့် လိုင်ယွန်အသင်းနှင့်ပွဲတွင် ပါဝင်ကစားနိုင်မည်ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ပထမအကျော့လိုင်ယွန်ကွင်း၌ ကစားခဲ့ရာ တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။ ယခု ရီးရဲမက်ဒရစ်ကွင်း၌ လက်ခံကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

➤ မြင့်မောင်စိုး - စုစည်းသည် ≺

ယူရို ၂၀၁၂ ဘောလုံးပွဲအတွက် လုံခြုံရေးတိုးမြှင့်မည်

ဝါဆော ဖေဖော်ဝါရီ ၂၄

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲကို ပိုလန်နှင့် ယူကရိန်းနိုင်ငံတို့က ပူးတွဲကျင်းပမည်ဖြစ်ရာ လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ပိုလန်ပြည်ထဲရေးဒုတိယဝန်ကြီး အဒမ်ရာပါကီက ဖေဖော်ဝါရီ ၂၄ ရက်၌ ပြောကြားသည်။

ရွေးချယ်

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲများကို ပိုလန်နိုင်ငံတွင် မြို့ကြီးလေးမြို့၌ ကျင်းပမည်ဖြစ်ရာ ဝါဆော၊ ဂျီဒန်၊ ဝါရော့ယောနှင့် ပိုလန်မြို့တို့ကို ရွေးချယ်ထားသည်။

တပ်ချထား

ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲကျင်းပစဉ် လေဆိပ်များနှင့် အရေးကြီးနေရာများအပါအဝင် နယ်စပ်တွင်လည်း လုံခြုံရေးတပ်ဖွဲ့ဝင် ၁၃၀၀ ကျော် ချထားမည်ဖြစ်သည်။ (အင်တာနက်)

တိုက်စစ်မှူး အင်ဒီကာရိုးလ် လီဗာပူးနှင့် ပွဲမထွက်နိုင်သေး

လန်ဒန် ဖေဖော်ဝါရီ ၂၄

တိုက်စစ်မှူး အင်ဒီကာရိုးလ်သည် လီဗာပူးနှင့်အတူ ကစားရန် အသင့်မဖြစ်သေးကြောင်း နည်းပြဒဲလ်ဂလစ်က ပြောကြားသည်။ **(ယာပုံ)**

မကစားနိုင်

ကာရိုးလ်သည် ဇန်နဝါရီလအတွင်းက နယူးကာဆယ်မှ လီဗာပူးသို့ ပေါင် ၃၅သန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းသည် ပေါင်ဒဏ်ရာရရှိထားသဖြင့် လီဗာပူးနှင့်ပွဲထွက် နောက်ကျနေသည်။ အသက် ၂၂ နှစ်ရှိ ကာရိုးလ်သည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၂၈ရက်က စပါးနှင့် နယူးကာဆယ်တို့ပွဲတွင် ပါဝင်ကစားခဲ့ပြီး ဒဏ်ရာရရှိခဲ့ပြီးနောက် မကစားနိုင်ခဲ့ပေ။ **(အင်တာနက်)**



မန်စီးတီးဂိုးသမား ရှေးဂစ်ဗင်း သုံးလကြာနား

လန်ဒန် ဖေဖော်ဝါရီ ၂၄

မန်စီးတီးဂိုးသမား ရှေးဂစ်ဗင်းသည် ပခုံးဒဏ်ရာရရှိထားသဖြင့် သုံးလကြာအနားယူရဖွယ်ရှိကြောင်း ၎င်းကလပ်က ကြေညာသည်။

အသက် ၃၄ နှစ်ရှိ ရှေးဂစ်ဗင်းသည် ယခုနှစ်ရာသီတွင် မန်စီးတီးအတွက် လေးပွဲသာ ကစားရသည်။ ၎င်းသည် မကြာမီ ပခုံးဒဏ်ရာခွဲစိတ်မည်ဟု ဆိုသည်။ **(ဝဲပုံ)**

ရှေးဂစ်ဗင်းသည် မတ်လတွင် အိုင်ယာလန်အသင်း၏ ယူရို ၂၀၁၂ ခြေစစ်ပွဲတွင်လည်း မကစားနိုင်တော့ပေ။ အိုင်ယာလန်နှင့် မက်ဆီဒိုးနီးယားတို့ မတ် ၂၆ ရက်တွင် ယူရို ၂၀၁၂ ခြေစစ်ပွဲ ကစားကြမည် ဖြစ်သည်။ **(အင်တာနက်)**

ပညာရေး၊ ကျန်းမာရေးနှင့် နေထိုင်မှုဆိုင်ရာပြပွဲ SHINE ဆောက်လုပ်ရေးကုမ္ပဏီ ပါဝင်ပြသမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

Jade Crown Organizing Group က ကြီးမှူး၍ Shine Construction ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Education, Living & Health Care Exhibition ပြပွဲကို ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ပြသမည်ဖြစ်ရာ SHINE Group of Companies မှ အိမ်ရာအရောင်းပြခန်းလည်း ပါဝင်ပြသမည်ဖြစ်သည်။ (အောက်ပုံ)

အရစ်ကျ

မိသားစုတိုင်း အိမ်ပိုင်ဆိုင်ရမည် ရည်ရွယ်ချက်ဖြင့် SHINE Group of Companies က ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ ကွန်ဒိုတိုက်ခန်းများကို အရစ်ကျ ငွေပေးချေသည့်စနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။ တိုက်ခန်းတစ်ခန်း ဝယ်ယူလိုပါက ငွေကျပ် ငါးသိန်းသာ ယူဆောင်လာရန်လိုအပ်ပြီး ၂၄နာရီ ရေ၊ မီး၊ ဓာတ်လှေကား၊ အင်တာနက်၊ ကားရပ်နားရန် နေရာပါရှိသော အဆင့်မြင့် ကွန်ဒိုတစ်ခန်းဝယ်ယူလိုပါက ငွေကျပ် ၁၀သိန်းသာ ယူဆောင်လာရန် လိုအပ်သည်။

အထူးအစီအစဉ်ဖြင့် အဆင့်မြင့်ကွန်ဒိုတစ်ခန်း ဝယ်ယူပိုင်ဆိုင်နိုင်ရန်အတွက် ပြပွဲကာလရက်အတွင်း ငွေကျပ် ငါးသောင်းဖြင့် Booking Form ဖြည့်စွက်ပြီး မိမိဝယ်ယူလိုသည့် ကွန်ဒိုတိုက်ခန်းကို ၁၀ လမှ ၂၄ လ အထိ လစဉ်ငွေပေးချေမှုစနစ်ဖြင့် ငွေပေးသွင်းခွင့်ရရှိနိုင်မည့် အစီအစဉ်များကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

လက်ဆောင်

ပြပွဲကာလအတွင်း ကွန်ဒိုတိုက်ခန်းဝယ်ယူအားပေးသော Customer များကို ကျေးဇူးတုံ့ပြန်သောအားဖြင့် နေ့စဉ် လက်ဆောင်များပေးအပ်ပြီး ဗလာမပါ ကံစမ်းမဲများဖြင့် ဆုများကို ချက်ချင်းချီးမြှင့်ပေးမည်ဖြစ်သည်။

အိမ်ဝယ်မည်ဆိုပါက ရှိုင်းကို သတိရပါ ဟူသော ဆောင်ပုဒ်နှင့်အညီ ဝယ်ယူအားပေးသည့် မိဘပြည်သူများ စိတ်ကျေနပ်မှုရရှိစေရန် အကောင်းဆုံး ဝန်ဆောင်မှုများဖြင့် ကျေးဇူးတုံ့ပြန်လျက်ရှိပြီး ဆက်သွယ်လိုပါက SHINE Group of Companies အမှတ် ၂၉ ဂျိုးဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၅၃၄၀-၄၄ အထိ ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာနက စာအုပ်ထုတ်ဝေ

နေပြည်တော် ဖေဖော်ဝါရီ ၂၄

နေ့စဉ်ထုတ်သတင်းစာများတွင် ရေးသားဖော်ပြထားပြီးဖြစ်သည့် **လောကလူသားများအား လိမ္မာယဉ်ကျေးစေရန် ရည်ရွယ်ဟောကြားထားသော မြတ်ဗုဒ္ဓ၏တရားစုများ** (ပထမတွဲ)စာအုပ် (မြန်မာ၊ အင်္ဂလိပ်) နှစ်အုပ်ကို သာသနာရေးဝန်ကြီးဌာန ကမ္ဘာအေးစာပုံနှိပ်တိုက်က ထုတ်ဝေထားကြောင်း သိရသည်။ **(ဝဲပုံ)**

စုံလင်စွာပါရှိ

အဆိုပါ စာအုပ်များတွင် လူ့ကျင့်ဝတ်များ၊ ရဟန်းကျင့်ဝတ်များ၊ မေတ္တာအကျိုး၊ မြန်မာတို့၏ ဆိုရိုးစကား၊ စကားကြီး(၁၀)မျိုး၊ ဆရာတော်ကြီးများ၏ ဆုံးမဩဝါဒများ၊ (၃၈)ဖြာ မင်္ဂလာအစရှိသည့် အကြောင်းအရာများ စုံလင်စွာပါရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ဦးကျော်ရွှေ (ညွှန်ကြားရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)သည် ကစားဖော်များဖြစ်ကြသော ဦးညွန့်ဝေ၊ ဦးပိုင်ဖုန်းဝင့်တို့နှင့်အတူ ဖေဖော်ဝါရီ ၂၂ ရက်တွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း၌ ကိုးကျင်း ကွင်းပတ်ကစားစဉ် ကျင်းအမှတ် (၃)နှင့် ကျင်းအမှတ်(၈)တို့၌ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့ကြောင်း သိရသည်။

မှတ်တမ်းတင်

၄င်းသည် Titleist (Pro V1) No.4 ဖြင့် ကျင်းအမှတ်(၃) ၁၆၆ ကိုက် အကွာအဝေးကို Honma No.8 တုတ် ဖြင့်လည်းကောင်း၊ ကျင်းအမှတ် (၈) ကိုက် ၁၅၀ အကွာအဝေးကို Honma No.9 တုတ်ဖြင့်လည်းကောင်း ရိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ တစ်ရက်တည်းဖြင့် တစ်ချက်တည်းကျင်းဝင် နှစ်ကြိမ်ရရှိခဲ့သည့် ဦးကျော်ရွှေအား နေပြည်တော် မြို့တော်ဂေါက်ကွင်းက မှတ်တမ်းတင်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၂၆-၂-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက်
၇း၀၅ နိုင်ငံတော်သီချင်း+ကြေညာချက် တရားတော်(ရတနာသုတ်)
၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း နံနက်ခင်းတေးပဒေသာ
၈း၃၀ လောကနီတိအသိရှိစေဖို့ (သူတော်ကောင်းပီသအောင်-၃)
၈း၄၀ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ ရင်ခုန်စီးဆင်း အနုပညာသတင်း (၃၀)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ကလေးအစီအစဉ် (ကလေးများအတွက် ပုံပြင် - ရွှေငါးလေးအကြောင်း)
၁၁း၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅ ဓာတ်လမ်းပမာနားဆင်စရာ **(နှင်းပွင့်သစ္စာ)** တေးပဒေသာ
၁၂း၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့်တေးသံငြိမ့်
၁၂း၂၀ ယဉ်ကျေးမှုအနုပညာ (လယ်ယာလုပ်ငန်းသုံးကိရိယာ ထုတ်လုပ်ခြင်းနှင့် အသုံးပြုခြင်း)
၁၂း၃၀ ဟန်မျိုးစုံညီ တေးကိုသီ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-ပထမနှစ် ပညာရေးသဘောတရား) တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ လေလှိုင်းကြားက ပွဲတင်သံ
၁၇း၁၅ တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ခေတ်မရွေးသောတေးများ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀ တေးချစ်သူရွေးသီ တေးပန်းချီ
၁၈း၄၅ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
၁၉း၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
၁၉း၁၀ တေးပဒေသာ
၁၉း၁၅ ရေဒီယိုအတိတ် တေးအရိပ်
၁၉း၃၀ ကျန်းမာရေးရာသိကောင်းစရာ (ကျန်းမာရေးအတွက် အသုံးဝင်မယ့်သစ်သီးများ) တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၁၅ ညချမ်းချိန်ခါတေးပဒေသာ
၂၀း၂၀ စီးပွားရေးဦးတည်ချက်
၂၀း၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ
၂၀း၄၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၀၀ Radio Internet
၂၁း၁၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁း၅၀ ညချမ်းချိန်ခါတေးပဒေသာ

အခြေခံပညာအလယ်တန်းကျောင်းခွဲ မင်းလှမြို့နယ် ကံ့ကော်ပင်ကျေးရွာ၌ ဖွင့်

မင်းလှ ဖေဖော်ဝါရီ ၂၄

သာယာဝတီခရိုင် မင်းလှမြို့နယ် ကံ့ကော်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ဖွင့်ပွဲနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် သာယာဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမျိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီနှင့် မြို့နယ်ပညာရေးမှူး ဦးသောင်းဌေးတို့က ကံ့ကော်ပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းဒေသကြီး ပညာရေးမှူး ဦးမင်းထွန်းတင်က ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၃၃)ကြိမ်မြောက် ပြည်နယ်/တိုင်းဒေသကြီး အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၁၁ ခုနှစ် (၃၃)ကြိမ်မြောက် ပြည်နယ်/တိုင်းဒေသကြီး အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို မတ် ၈ ရက်မှ ၁၁ ရက်အထိ ရန်ကုန်မြို့ မြန်မာဂေါက်ကလပ် (၉)မိုင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည်

ပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ (အကျော့မဲ့)နှင့် တစ်ဦးချင်းပြိုင်ပွဲ (အကျော့မဲ့) အဆင့်ပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး ဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

စုံစမ်းမေးမြန်းနိုင်

အဆိုပါပြိုင်ပွဲ၏ အသင်းခေါင်းဆောင်များနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အစည်းအဝေးကို မတ် ၇ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် မြန်မာဂေါက်ကလပ် (၉)မိုင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၃၀၇၈၅၄၄နှင့် ၀၁-၆၅၁၃၇၄ တို့သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

(က) ဟောင်းနွမ်းနေသည့် လျှပ်စစ်မီးကြိုးများကို လဲလှယ်ပေးပါ။
(ခ) လျှပ်စစ်ဒဏ်ခံကြိုးကို ခံနိုင်သည်ထက် ပိုမထည့်ပါနှင့်။
(ဂ) လျှပ်စစ်မီးဖို၊ မီးပူများကို သုံးစွဲပြီးလျှင် (သို့မဟုတ်) လျှပ်စစ်မီးပျက်လျှင် မီးခလုတ်ပိတ်ပြီး ပလပ်ခေါင်းဖြုတ်ထားပါ။
(ဃ) လျှပ်စစ်ဝိုင်ယာရှော့ဖြစ်လျှင် ပင်မခလုတ်ကိုပိတ်ပြီး၊ ခြောက်သွေ့သော အဝတ်၊ ပိတ်စ စသည်တို့ဖြင့် ရိုက်ပုတ်ဖုံးအုပ် ငြိမ်းသတ်ပါ။
(င) လျှပ်စစ်ဓာတ်အားကို ခံနိုင်အားထက် ပိုမသုံးပါနှင့်။
(စ) ချွတ်ယွင်းနေသော လျှပ်စစ်ပစ္စည်းကိရိယာများကို မသုံးပါနှင့်။

(မီးသတ်ဦးစီးဌာန)

ထူးခြားသည့် ညအပူချိန်များ

၂၄-၂-၂၀၁၁

ဟားခါးမြို့
၂ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့
၅ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့
၆ ဒီဂရီစင်တီဂရိတ်

ညောင်ရွှေမြို့နယ် မြဝတီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ကျောက်စုဆောင်းထားရှိမှုကို ဇန်နဝါရီ ၂၀ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဆွေ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တူဒေးစာအုပ်ဆိုင်သစ်နှင့် ရုံးချုပ်သစ်ဖွင့်လှစ်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

တူဒေးစာအုပ်ဆိုင်သစ်နှင့် ရုံးချုပ်သစ်ကို အမှတ် ၅၁၄/၅၁၆ ဆိပ်ကမ်းသာလမ်းနှင့် ကုန်သည်လမ်းထောင့် ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၉၈၁၆၆၊ ၀၉-၇၃၁၅၀၃၆၂ ၌ ဖွင့်လှစ်ပြီး ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် တူဒေးတိုက်ထုတ်စာအုပ်များကို ၁၅ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၈ ရက်အထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

မြိတ်မြို့နေ ဦးညွန့်မြိုင်-ဒေါ်လေးမြင့်တို့၏သား

မောင်နိုင်ဝင်း B.E(Electronics)

နှင့်

ရန်ကုန်မြို့နေ ဦးမောင်မောင်စိုး(ဦးစီးအရာရှိ-ငြိမ်း၊ မိုး/ဇလ)-ဒေါ်ချိုချိုတင်တို့၏သမီးလတ်

မအိအိသူ B.E(Civil, YTU), M.Sc (Civil , NTU)

တို့၏ ၁၇-၂-၂၀၁၁ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးခဲ့သော ရန်ကုန်တိုင်းဒေသကြီး တွဲဖက်တရားသူကြီး ဦးသန်းထွန်း၊ ၁၉-၂-၂၀၁၁ရက်တွင် Sedona Hotel၌ ကျင်းပခဲ့သော ထိမ်းမြားမင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော စက်မှုစီးပွားထူးချွန်ရှင် မြန်မာနိုင်ငံဆိုင်ရာ Sweden နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါက်တာမြင့်ဟန်နှင့် ဇနီးဒေါ်ခင်မြင့်ခိုင်၊ အခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော ဒေါ်ရီရီသန့်၊ တေးသံသာဖြင့် ဖျော်ဖြေပေးကြသော The Aces တေးဂီတအဖွဲ့၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ကိုပြည်စိုးအောင်၊ မိတ်ကပ်ဆံပင်နှင့် လက်ဝတ်ရတနာဆင်မြန်းပေးသော ခင်စန်းဝင်းနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ညီမလေးစပယ်နွယ်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မချယ်ရီလှိုင်၊ သတို့သားအရံ မောင်ရဲနိုင်ဇော်ဟိန်း၊ သတို့သမီးအရံ မချိုကြည်ကြည်လှိုင်၊ ဓာတ်ပုံနှင့်ဗွီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Sedona Hotel မှ မလီလီနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးညီအစ်ကိုမောင်နှမများနှင့် မိတ်ဆွေသင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ကြပါသော လူကြီးမင်းများနှင့် အဘက်ဘက်မှ မေတ္တာဖြင့် ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နိုင်ဝင်း-မအိအိသူ။

ထိမ်းမြားမင်္ဂလာလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ
ဦးလှတင့်ထွန်း-ဒေါ်ခင်ဖုန်းမြင့်တို့၏သား

မောင်ချမ်းမြေ့ဦး B.Sc(Zoology)

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ
ဦးတင်နွယ်-ဒေါက်တာဒေါ်စန်းစန်းတို့၏သမီး

မမိမိနွယ် B.Sc(Physics)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ရန်ကုန်တိုင်းဒေသကြီး တွဲဖက်တိုင်းတရားသူကြီး (၄) ဒေါ်လှလှရီ၏ ရှေ့မှောက်၌ ၂၄-၂-၂၀၁၁ရက်တွင် ထိမ်းမြားမင်္ဂလာ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ချမ်းမြေ့ဦး-မမိမိနွယ်။

သံငြမ်း
(Steel Scaffolding)
ဝယ်လိုသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ မကိုနိုဟွဲဒွန့်၏ နိုင်ငံကူးလက်မှတ် A-230744 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၇၃၀-၂၅၅၉၅။

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်၈၃၁၊ အမှတ်၄၅၃၊ ၄၅ရပ်ကွက်ပိုင်ဆိုင်သော မရီရီသန်းအောင် ၁၂/ကတတ(နိုင်)၀၁၈၄၉၉ထံမှ ကျွန်မအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်ရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်မထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးမာလာမြင့်
တာမွေ၊ ဗိုလ်မှူးအောင်လမ်း၊ အမှတ် ၁၄(ငါးလွှာ)၊ ဖုန်း-၀၉-၅၁၃၉၇၀၄။

SKY NET SPORTS ရုပ်သံလိုင်းများမှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည့် ဘောလုံးပွဲစဉ်များ

ဂျာမနီဘွန်ဒက်လီဂါဘောလုံးပြိုင်ပွဲ (Live) ပွဲစဉ်

26-2-2011(SAT)	2:00 AM	Wolfsburg VS Mochengladbach	Sky Net Sports-2 (Live)

ကျေးဇူးဆပ်ပါမည်

ကျွန်မ ကျန်းဖျင်းဖိန်း ၁၃/ကခန(နိုင်)၀၄၁၈၅၃၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၁-၃၇၀၈၅၆။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ဟင်္သာတမြို့၊ ဗိုလ်ချုပ်လမ်း၊ အမှတ် ၂၅နေ ဦးတင်ထွန်း-ဒေါ်မြင့်မြင့်စိန် (နဝရတ်အထည်ဆိုင်)တို့၏သားကြီး

မောင်ဉာဏ်ဟိန်း A.G.T.I (Mechanical), B.Com (Y.I.E)

My Space Internet Cafe'(Yangon)

နှင့်

ကျောင်းကုန်းမြို့၊ အမှတ် (၂)ရပ်ကွက်၊ ကျုံပျော်လမ်း၊ မ/၄၂နေ
ဒုတိယရဲမှူးဟန်မြင့်(ငြိမ်း)-ဒေါ်အေးအေးမော်တို့၏သမီးကြီး

မချိုလင်းဟန် B.E (Mechanical)

လက်ထောက်ကထိက(စက်မှုအင်ဂျင်နီယာဌာန) ပြည်၊ နည်းပညာတက္ကသိုလ်

တို့၏ ၈-၂-၂၀၁၁ရက်တွင် ကျောင်းကုန်းမြို့၊နွယ်သီဂီသီလရှင်စာသင်တိုက်တွင် ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးနှင့် ၁၂-၂-၂၀၁၁ရက် ပြည်ထောင်စုနေ့တွင် ဟင်္သာတမြို့ (ဟုန်စံစီမင်္ဂလာခန်းမဆောင် ၂)တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ **နှစ်ဖက်သောမိဘများနှင့် မောင်ဉာဏ်ဟိန်း-မချိုလင်းဟန်။**

ဒိုင်လူကြီးလုပ်ပြီး ဆုငွေကျပ်(၁၀)သိန်းယူပါ

MRTV (4) မှ ၂၆-၂-၂၀၁၁ နှင့် ၂၇-၂-၂၀၁၁ (စနေ၊ တနင်္ဂနွေနေ့) ည(၈)နာရီ သတင်းအပြီး ထုတ်လွှင့်ပြသမည့် ရွှေပြည်နန်း ကလေးသရုပ်ဆောင် ရွေးချယ်ပွဲတွင် ကလေးသရုပ်ဆောင်ဆု ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆု၊ ပဉ္စမဆုရရှိသူ (၅)ဦးကို အစဉ်လိုက်အတိုင်း အကဲဖြတ် ဒိုင်လူကြီးများ၏ ဆန္ဒနှင့်အညီ ရွေးချယ်ပေးနိုင်သူအား ဆုငွေကျပ် (၁၀)သိန်း ချီးမြှင့်ပါမည်။

အဖြေမှန်ကန်သူ (၁)ဦးထက်ပိုပါက (၁၀)ဦးအထိကို အညီအမျှ ခွဲဝေပေးပါမည်။ အဖြေမှန်သူ (၁၀)ဦးထက်ပိုပါက မဲနှိုက်ပြီး ကံထူးရှင် (၁၀)ဦးကို ရွေးချယ်ပေးပါမည်။

အဖြေကို မိမိနှစ်သက်ရာ ရွှေပြည်နန်းတံဆိပ်ပတ်နှင့်ပူးတွဲ၍ အမှတ် ၂၈ (H)၊ အင်းယားမြိုင်လမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူ၍ ပေးပို့ရပါမည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ပိုင်ဟိန်းဆွေ၏ နိုင်ငံကူးလက်မှတ် A-၅၂၇၃၀မှာ ခရီးသွားရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ဖုန်း-၆၈၂၂၈၅။**

အလိမ္မာစာမှာရှိ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ အမှတ်(၆)၊ မြေညီထပ်(ခေါင်းရင်းခန်း)နေ ကျွန်မ၏သားဖြစ်သူ မောင်ဘလူး(ခ) မောင်စိန်မင်း ၁၂/တမန(နိုင်)၁၀၃၂၆၁သည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲအောင် ပြုလုပ်လျက် အမြဲရိုင်းပျစွာ ပြုမူဆက်ဆံနေသည့်အတွက် အမွေစားအမွေခံသားအဖြစ်မှ အပြီးအပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ဂေါ်ရီ ၁၂/လသန(နိုင်)၀၁၂၉၃၀။**

အမည်ပြောင်း

ဦးစိုးညွန့်ဦး၏သား မအူပင်တက္ကသိုလ်၊ တတိယနှစ် ဒဿနိကဗေဒမှ မောင်ဇင်မောင်ဦးအား မောင်ရှိုင်းလင်းဇော်ဇော်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ရှိုင်းလင်းဇော်ဇော်အောင်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၂၊ မြေကွက်အမှတ်၇၀၇/ခ၊ မြေကွက်အကျယ်(အလျား ပေ၂၀×အနံ ပေ၆၀)ရှိ နှစ်၆၀ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ခင်မေဦး ၁၂/သဃက (နိုင်)၁၀၀၉၂၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း (စဥ်-၂၀၉၅၁)
အထက်တန်းရှေ့နေ (LL.B.,D.B.L)
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၁၈၃၃။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်တင်ဆွေလှိုင် ၁၂/ဗဟန(နိုင်)၀၄၄၁၁၆သည် ခင်ပွန်းနှင့်မိသားစုတို့ကို စွန့်ခွာပြီး ၂၈-၁-၂၀၁၁ရက်တွင် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သမျှ ကိစ္စမှန်သမျှ မိသားစုနှင့် မသက်ဆိုင်ပါကြောင်း၊ တာဝန်မရှိပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ဦးစိုးလှိုင်သန်း
၁၂/ဗဟန(နိုင်)၀၄၀၅၇၂။

ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် ဝိုင်းမော်၌ တည်ဆောက်

ဝိုင်းမော် ဖေဖော်ဝါရီ ၂၄

ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ဂါလန် ၂၀၀၀ ဆံ့ ဈေးမီးသတ် အုတ်ရေလှောင်ကန် နှစ်ကန် ထပ်မံတိုးချဲ့ ဆောက်လုပ်နေခြင်းကို လက်ထောက်အင်ဂျင်နီယာ ဦးသန်းထွန်းဝင်း ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးဝင်းမြင့် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်၌ မီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အင်းစိန်မြို့နယ် နံ့သာကုန်း ရပ်ကွက် နံ့သာကုန်းရိပ်သာလမ်း အမှတ် ၁၁၁ ခြံဝင်းအတွင်း ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီ မိနစ် ၄၀က မီးလောင်မှု ဖြစ်ပွားခဲ့ရာ နေအိမ်ငါးလုံး ဆုံးရှုံးခဲ့သည်။ **(အောက်ဝဲပုံ)**

ကယ်ဆယ်ရေးစခန်း

ဖြစ်စဉ်မှာ အိမ်ရှင်က လျှပ်စစ်မီးဖိုပေါ် ချက်ပြုတ်ထားခဲ့ပြီး အပြင်ထွက် ဈေးဝယ်စဉ် မီးစတင် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ မီးလောင်ရာသို့ မီးသတ်ယာဉ် ၃၄ စီး၊ အုပ်ချုပ်မှုယာဉ် ခြောက်စီး အချိန်မီရောက်ရှိ၍ မီးထိန်းနိုင်သဖြင့် မီးငြိမ်းခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ကျား ၂၀၊ မ ၂၄ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း၊ ကယ်ဆယ်ရေးစခန်းကို နံ့သာကုန်းရပ်ကွက် သီရိမင်္ဂလာဘုန်းတော်ကြီးကျောင်းဝင်း အတွင်း ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။ **(၀၁၅)**

မီးဖိုမီး အခြားမီး သုံးပြီး သတိအမြဲရှိ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ကတ/၅၃၂၃၄ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကျိန်ဖွာဖွင့် ၁၃/ကတန(နိုင်)၀၄၂၀၉၉က (ကမ-၃) ပျောက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ တာချီလိတ်။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော် **အောင်ကျော်ထွန်း** ၁၂/မရက(နိုင်)၁၂၈၀၁၁ နှင့် ကျွန်မ **စန်းစန်းနွယ်** ၁၂/ရပသ(နိုင်)၀၄၅၆၃၆ တို့သည် ၉-၂-၂၀၁၁ရက်တွင် မရမ်းကုန်းမြို့နယ် ဒုတိယမြို့နယ် တရားသူကြီး ဒေါ်နေခြည်လှိုင်းဇာ၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးပါကြောင်း။

မောင်အောင်ကျော်ထွန်း-မစန်းစန်းနွယ်။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄စီ၊ မြေကွက်အမှတ် ၈၀၊ မြေကွက်တည်နေရာအမှတ် ၁၂၃၊ သမာဓိလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ် ဒေါ်စန်း အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက် ဒေါ်စန်း ကွယ်လွန်သဖြင့် Saw Hock Gee (ခ) ဦးစောဟုတ်ကီ ၁၂/တမန(ပြု)၀၀၀၄၉၅က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်ရန်ကြော်ငြာ

ဒေါ်သင်းသင်းစုလှိုင် ၁၃/တကန(နိုင်)၀၀၂၃၅၅၊ ၄င်း၏ အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်မီမီအောင် ၁၄/ဖပန(နိုင်)၀၆၄၆၁၀ ထံမှ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၄-ကံဘဲ့၊ မြေကွက်အမှတ်(၁၁၇/ခ-၇)၊ ဧရိယာ ၀ ဒသမ ၁၄၅ ဧကကျယ်ဝန်းသော နှစ် ၆၀ ဂရန်မြေကွက်နှင့် ၄င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အမှတ် ၇ (ပြည်သာယာအဆင့်မြင့်လုံးချင်းအိမ်ရာ) အဆောက်အအုံအပါအဝင် မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်များကို ကျွန်ုပ်၏ မိတ်ဆွေများသည် ဝယ်ယူရန်အတွက် စရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။

ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူတို့သည် ထိခိုက်နစ်နာမှုဖြစ်စေလျှင် ခုနစ်ရက်အတွင်း ခိုင်လုံသောတရားဝင် အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်ပြီး ကန့်ကွက်သူမရှိလျှင် ဆက်လက်ပြီး အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်အောင် B.A(Law),LL.B
တရားရုံးချုပ်ရှေ့နေ (စဉ်-၁၅၃၂)
အမှတ် ၆၇၊ လမ်း ၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။



အကျိုးတူလုပ်ငန်းလုပ်ကိုင်ရန် ငွေပင်ငွေရင်းရှိသူ ဆက်သွယ်ရန်ကြော်ငြာ

စီးပွားဖြစ်စိုက်ပျိုးထားသော ကွမ်းသီးပင်၊ အုန်းပင်၊ သရက်၊ စန္ဒာကူးနီ (နံ့သာနီ)၊ သစ်မွှေးပင်များနှင့် အခြားသောအပင်များလည်း စိုက်ပျိုးထားပါသောကြောင့် အုပ်ဆိုင်းပြီးအေးမြ၍ အရိပ်အာဝါသရှိသော ခြံဝန်းကျယ် နေရာကောင်းဖြစ်ပြီး… ခြံ၏အလယ်ဗဟိုတွင် ကျောက်ကန်ပေါင်နှင့် လုပ်ထားသော ငါးကန်ကြီးရှိပါသည်။ အိမ်မှာသုံးထပ်အိမ်တည်ဆောက်ထားပါသဖြင့် မိုတယ်၊ ဧည့်ရိပ်သာ၊ အပန်းဖြေစခန်းစသော တစ်ခုခု ဖွင့်လှစ်ရန် နေရာကောင်းဖြစ်သလို ယာဉ်ကြီးယာဉ်ငယ်များလည်း သွားလာဝင်ထွက်ရန်လွယ်ကူသည့်အပြင် ကလေးမြို့-တာဟန်း၏အလယ်တွင်ရှိပြီး အချက်အချာကျသော ကတ္တီပါအေးရိပ်ခြံလေးပါ… အကျိုးတူမဟုတ်ဘဲ မိမိကိုယ်တိုင်သာ လုပ်ကိုင်လိုသော ငွေပင်ငွေရင်းရှိသူဖြစ်စေ၊ ကုမ္ပဏီအဖွဲ့အစည်းမှဖြစ်စေ ငှားရမ်းလုပ်ကိုင်လိုလျှင်လည်း ငှားပေးပါမည်။

ထို့ပြင် ရပ်ဝေးနယ်မှ ကလေးမြို့နယ်အတွင်းရှိ မည်သည့်တက္ကသိုလ်ကျောင်းများတွင် ပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူများသည် ကလေးမြို့ တာဟန်း ဇမိုင် နေရာများတွင် အခန်း၊ အိမ်၊ အဆောင်များငှားရမ်းနေထိုင်ပြီး အခန်းငှားရမ်းခ ခက်ခဲသူများ၊ နေထိုင်သာယာမှုမရှိသူများ၊ ဆူညံခြင်းရှိ၍ စာကျက်မှတ်မရနိုင်သောကျောင်းသား ကျောင်းသူများအတွက် ဆိတ်ငြိမ်သာယာပြီး ငြိမ်းချမ်းမှုရှိသော ကတ္တီပါအေးရိပ်ခြံတွင် နှစ်ရှည်ပင်များ၏ အရိပ်အာဝါသနှင့် ဆိတ်ငြိမ်ကာ အေးမြသောလေကောင်းလေသန့်ရရှိပြီး လေပြည်လေအေးနှင့် နေချင်စဖွယ်ကောင်းလှသော ကတ္တီပါအေးရိပ်ခြံကလေးကို ငှားရမ်းနေထိုင်ကြည့်ပါ… ပူပြင်းသောရာသီချိန်တွင် အပန်းဖြေရေကူးရင်း သင့်မိတ်ဆွေနှင့်အတူ စိတ်အမောပြေစေမှာပါ… မည်သူ့ကိုမဆို ငှားရမ်းခအပြည့်အဝသက်သာစေပါမည်။
(အချိန်မီဆက်သွယ်ပါရန်)

ခြံတည်နေရာ-တတိယမြို့ပတ်လမ်းဘေးအနီး။

ဆက်သွယ်ရန်လိပ်စာ-
ကိုကီးလေး
မြို့ပတ်လမ်းနှင့်တောင်ဇလပ် ဆန်စက်လမ်းထောင့်
သဇင် ၃၊ ကလေးမြို့၊
တစ်ဆင့်ဖုန်း-၀၇၃-၂၁၈၈၁၊ ၂၂၃၂၉။

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပျဉ်းမနားမြို့၊ မြို့နယ်တရားမရုံး၌
၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၂

ဦးကျော်မြင့်	နှင့်	ဒေါ်ခင်စု
တရားလို		**တရားပြိုင်**

ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင်နေခဲ့ဖူးသူ ဒေါ်ခင်စု PMA-၀၃၂၂၄၁ သိစေရမည်။

သင့်အပေါ်၌ ဦးကျော်မြင့် အမှတ်၁၀၂၊ ရွှေချီလမ်း၊ ပျဉ်းမနားမြို့နယ်က အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၁ခုနှစ် မတ် ၇ ရက် မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရဲဝင်းရှိန်
မြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ ပျဉ်းမနားမြို့နယ်။

ပြင်ဆင်ဖတ်ရှုပါရန်

၄-၂-၂၀၁၁ရက် ဤသတင်းစာ၏ စာမျက်နှာ ၁၈ ၌ လျှောက်ထားသူ ဒေါ်တင်ပို၏ အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာကြော်ငြာတွင် **ရန်ကုန်တိုင်းဒေသကြီးတရားရုံး ခရိုင်တရားမရုံး၌** အစား **ရန်ကုန်တိုင်းဒေသကြီးတရားရုံး၌**ဟု ပြင်ဆင်ဖတ်ရှုပါရန် ကြော်ငြာအပ်ပါသည်။

ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၂၀-၂-၂၀၁၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ ၁၇၊ ကော်လံ ၃ပါ တရားရုံးချုပ်ရှေ့နေ ဦးစိန်မင်း (စဉ်-၅၀၆၆)၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဖော်ပြထားသော အကျယ်(၁၅×၆၀)ပေအစား (၁၂½×၆၀)ပေဟူ၍ လည်းကောင်း၊ တိုက်ကိုမျက်နှာမူ၍ကြည့်လျှင် လက်ယာဘက်အစား၊ တိုက်ကိုမျက်နှာမူ၍ ကြည့်လျှင် လက်ဝဲဘက်ဟူ၍လည်းကောင်း၊ ဒေါ်သီတာညွန့်အစား ဒေါ်သီတာညွန့်တင်ဟူ၍လည်းကောင်း ဖြည့်စွက်ဖတ်ရှုပါရန်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်လှမျိုး ၇/ပခန(နိုင်)၁၈၉၃၈၃သည် မိဘစကားနားမထောင်၊ မိဘစိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးအုန်းလှိုင် ၇/ပခန(နိုင်)၁၃၃၅၉၇
ကျောက်ကြီးစုအရှေ့ပိုင်း၊ အုတ်စက်လမ်း၊ ပဲခူးမြို့။

မီး အစဉ် သတိပြု

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ ထည့်သွင်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ် (၁)၊ ဗဟန်း မြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ်၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)



လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မိုင်းဖြတ်၌ သင်တန်းဖွင့်

မိုင်းဖြတ် ဖေဖော်ဝါရီ ၂၄

မိုင်းဖြတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနက ကြီးမှူး၍ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၉ နာရီက မြို့နယ်ရုံး၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟိန်းသူဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးပေါလုက လယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ (ဝဲပုံ)

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် သင်တန်းသားများတက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကွမ်းခြံကုန်းမြို့နယ်၌ စာပေဟောပြော

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းကြီးကျေးရွာ၌ ဖေဖော်ဝါရီ ၁၃ ရက် ည ၇ နာရီက စာပေဟောပြောပွဲကျင်းပရာ ရန်ကုန်မြို့မှ စာရေးဆရာဒါရိုက်တာမောင်ယဉ်ကျော်က ရုပ်ရှင်လောကအကြောင်း၊ ဆရာဝန်စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ဓမ္မရသ အတွေးအမြင်နှင့် စာပေအနုပညာအကြောင်း၊ စာရေးဆရာ အကြည်တော်က ကိုယ်တိုင်ပြော အတ္ထုပ္ပတ္တိအကြောင်းတို့ကို ဟောပြောကြပြီး အသံတုရဲမြင့်လေးက မျက်လှည့်ပညာနှင့် အသံတုပညာကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရှိရသည်။ ဟောပြောပွဲ အခမ်းအနားတွင် ဆရာဝန်စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က လတ်တလောထွက်ရှိထားသော ကျန်းမာပျော်ရွှင်မီးအိမ်ရှင် စာအုပ်အပါအဝင် မီးအိမ်ရှင်စာအုပ်တိုက်မှ ထုတ်ဝေဖြန့်ချိသမျှ စာအုပ်အားလုံးကို သုတအလင်း ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်အောင်မြို့နယ် မြို့ဝင်မုခ်ဦး သာယာလှပရေး ဆောင်ရွက်မှုကို ဇန်နဝါရီ ၂၃ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကျော်ခိုင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ဖဲကြိုးဖြတ်ဖွင့်

စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား (၃၈)ကြိမ်မြောက် ဘုရားပွဲတော် အောင်ပွဲ ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်က ရင်ပြင်တော်၌ ကျင်းပရာ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သူဇော် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၀၀၇)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြေအောက်ရေကို အကျိုးရှိစွာ ဖော်ထုတ်အသုံးချရေး RG တွင်းတူးစက်သစ်ကြီးများဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်

သတင်းဆောင်းပါး
တင်ထွေး(သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း - ကိုထွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များအနက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနသည် နိုင်ငံတော်က ချမှတ်ထားသောရေရရှိရေးနည်းလမ်းခြောက်သွယ်အနက် မြစ်ချောင်းများမှရေကို ရေစုပ်စက်ဖြင့်စုပ်တင်ခြင်းနှင့် မြေအောက်ရေကို ထုတ်ယူသုံးစွဲခြင်းဟူသည့် နည်းလမ်းနှစ်သွယ်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်းကြောင့် မိုးရေလုံလောက်စွာ မရရှိခြင်းနှင့် စိုက်ပျိုးရေလုံလောက်စွာမရရှိခြင်း စသည့်အခြေအနေများ ကြုံတွေ့ရသည့်အခါ မြေအောက်ရေကိုအကျိုးရှိစွာ ဖော်ထုတ်အသုံးချနိုင်ရန် ရည်ရွယ်၍ မြေအောက်ရေ ဖော်ထုတ်အသုံးပြုရေး စီမံကိန်းဇုန်များကို နိုင်ငံတစ်ဝန်း၌ သတ်မှတ်ဖော်ဆောင်လျက်ရှိသည်။

ဖြည့်ဆည်းပေး

ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနသည် မြေအောက်ရေဖော်ထုတ်အသုံးပြုရေး စီမံကိန်းဇုန်များအဖြစ် နွားထိုးကြီးဇုန်၊ မိတ္ထီလာ-သာစည်ဇုန်၊ ပျော်ဘွယ်-ဘုရားငါးဆူဇုန်၊ *စာမျက်နှာ ၁၀ ကော်လံ ၁* ●

မြေအောက်ရေ ရရှိရေးလုပ်ငန်းတွင် အသုံးပြုသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ထုတ်လုပ်သော RG တွင်းတူးစက်အသစ်ကို တွေ့ရစဉ်။

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၄

ယနေ့ညနေ ၃ နာရီ ၀၀ မိနစ် ၃၂ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်ဘက်မိုင် ၂၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ရမည်းသင်းမြို့၏အနောက်တောင်ဘက် ၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ *(သတင်းစဉ်)*